# မန္တလေး
# နေ့စဉ်
The Mandalay Daily
၁၉၉၃ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၆၀)၊ ၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်၊ ၂၈–၁–၂၀၂၅၊ အင်္ဂါနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

သာယာသောစကားကို ပြောဆိုတတ်သော်လည်း ရုပ်အဆင်းပင်လှသော်လည်း သူတစ်ပါး စည်းစိမ်ကို ငြူစူတတ်၊ ဝန်တိုတတ်၊ ကောက်ကျစ်စဉ်းလဲတတ်လျှင် ထိုသူသည် သူတော်ကောင်းမဟုတ် ။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း အိန္ဒိယသမ္မတနိုင်ငံ၏ (၇၆)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၂၇

အိန္ဒိယသမ္မတနိုင်ငံ၏ (၇၆)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့် မြို့နယ်ရှိ Wydham Grand Hotel ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီးတို့ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်**

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Abhay Thakurနှင့် ဇနီးနှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဇနီး၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးတို့အား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သီချင်းနှင့် အိန္ဒိယသမ္မတနိုင်ငံတော် သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး အိန္ဒိယ-မြန်မာနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ဗီဒီယိုကလစ်ဖြင့် ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးH.E.Mr. Abhay Thakur က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံ ယဉ်ကျေးမှုအဖွဲ့က ရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေကြရာ အခမ်းအနားသို့ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Abhay Thakur နှင့် ဇနီးတို့သည် အိန္ဒိယသမ္မတနိုင်ငံ၏ (၇၆)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ သံအမတ်ကြီးနှင့် ဇနီးတို့သည် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး သံအမတ်ကြီးနှင့်ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းညှော်ခံကြသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တပ်မတော်အရာရှိများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Abhay Thakur နှင့် ဇနီးတို့က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။





မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Abhay Thakur အိန္ဒိယသမ္မတနိုင်ငံ၏ (၇၆)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

**တိမ်အနည်းငယ် ဖြစ်ထွန်းမည်**

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

မိုး/ဇလ

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဧကူနဝီသတိမအစည်းအဝေးနှင့် အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၇

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဧကူနဝီသတိမအစည်းအဝေးကို ၁၃၈၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁ ရက်၊ ၁၂ ရက်၊ ၁၃ ရက်၊ ၁၄ ရက်(ဖေဖော်ဝါရီ ၂၃ ရက်၊ ၂၄ ရက်၊ ၂၅ ရက်၊ ၂၆ ရက်)တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့တို့တွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၈၆ ခုနှစ် တပေါင်းလဆန်း ၁ ရက်၊ ၂ ရက် (ဖေဖော်ဝါရီ ၂၇ ရက်၊ ၂၈ ရက်)ကြာသပတေး၊ သောကြာနေ့များတွင် ဧကူနဝီသတိမ အစည်းအဝေးကြီး ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၃၈၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ ရက်(ဖေဖော်ဝါရီ ၂၂ ရက်)စနေနေ့တွင် လည်းကောင်း၊ အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးကို ၁၃၈၆ ခုနှစ် တပေါင်းလဆန်း ၄ ရက်၊ ၅ ရက်၊ ၆ ရက်(မတ် ၂ ရက်၊ ၃ ရက်၊ ၄ ရက်)တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါနေ့တို့တွင် အစည်းအဝေးများ ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်ပြဲဝါဒါစရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများသည် ၁၃၈၆ ခုနှစ် တပေါင်းလဆန်း ၃ ရက်(မတ် ၁ ရက်) စနေနေ့တွင် လည်းကောင်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်သည်။

ပင့်လျှောက်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များအတိုင်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်အပ်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## နိုင်ငံတော်ပြဲဝါဒါစရိယ သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ Special Dhamma Talk များ သင်ကြားပို့ချ



ရန်ကုန် ဇန်နဝါရီ ၂၇

နိုင်ငံတော်ပြဲဝါဒါစရိယ ရွှေကျင်နိကာယာဓိပတိ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် တည်ထောင်သူနှင့် ပြဲဝါဒါစရိယအဖွဲ့ဝင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရသည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဒီပလိုမာတန်းမှ ပါရဂူတန်းအထိ တက်ရောက်လျက်ရှိသော ပြည်တွင်း၊ ပြည်ပမှ သင်တန်းသား သင်တန်းသူများအား ယနေ့မွန်းလွဲပိုင်းတွင် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် Seminar Hall ၌ Special Dhamma Talk ပို့ချသည်။

အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၊ ဒုတိယပါမောက္ခချုပ် (သင်ကြား) ဆရာတော် ဒေါက်တာဘဒ္ဒန္တနေမိဉာဏ အမှူးပြုသော တက္ကသိုလ်သင်ကြားဆရာတော်ကြီးများ၊ သင်ကြားသီလရှင်များ၊ ပြည်တွင်း၊ ပြည်ပနိုင်ငံ ၂၁ နိုင်ငံမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၂၈ ပါး/ဦးတို့ တက်ရောက်ကြည်ညိုနာယူခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## Green Spotted Triangle လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် ရောင်းချမည်

နေပြည်တော် ဇန်နဝါရီ ၂၇

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌ တွေ့ရှိရသော လိပ်ပြာမျိုးစိတ်အဖြစ် မှတ်တမ်းတင် သဘောထားမှတ်ချက်ပြုထားသည့် "Green Spotted Triangle" လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးအား ဖေဖော်ဝါရီ ၁ ရက် (မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် တပို့တွဲလဆန်း ၄ ရက်) (စနေနေ့) နံနက် ၉ နာရီခွဲမှ စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး / ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။




အထူးအစီအစဉ်တစ်ရပ် အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီး တို့တွင် ဖေဖော်ဝါရီ ၁ ရက် (စနေနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်၌ နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## ပန်းအလှပြုပြင်နည်းသင်တန်း ဖွင့်လှစ်

ဟုမ္မလင်း ဇန်နဝါရီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမတွင် ပန်းအလှပြုပြင်ခြင်းသင်တန်းကို ယမန်နေ့မွန်းလွဲ ၂ နာရီက ဖွင့်လှစ်သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇေဆက်က ဟုမ္မလင်းမြို့ပေါ်ရပ်ကွက်ရှိ အမျိုးသမီးများအား အလုပ်အကိုင် အခွင့်အလမ်းများရရှိစေပြီး တစ်နိုင်တစ်ပိုင် စီးပွားရေး၊ စီးပွားဖြစ်လုပ်ကိုင်လာနိုင်စေရေး၊ နေ့စဉ်ဝင်ငွေ တိုးတက်မြင့်မားလာစေရေးအတွက် ပန်းအလှထိုးနည်းသင်တန်းကို အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သင်တန်းနည်းပြဆရာမ ဒေါ်ဝမ်မင်က အခမ်းအနားများတွင် ပန်းအလှဆင်ခြင်း၊ စားပွဲတင်ပန်းအိုး အလှပြုပြင်ခြင်းပညာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပေးသည်။

အဆိုပါ သင်တန်းကို ဇန်နဝါရီလ ၂၄ ရက်မှ ၂၅ ရက်အထိ (၂)ရက်တာ သင်ကြားပို့ချသွားမည်ဖြစ်ပြီး ဟုမ္မလင်းမြို့ပေါ်ရပ်ကွက်များမှ သင်တန်းသူ ၂၀ ဦး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့မှ သင်တန်းသူ ၂၃ ဦး၊ စုစုပေါင်း ၄၃ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သတင်းရယူနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) MICC-1 တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါအခမ်းအနားကျင်းပမည့် နေရာကန့်သတ်ချက်အရ သတင်းမီဒီယာသမားဦးရေအား A Zone၊ B Zone ခွဲခြားသတ်မှတ်ကာ သတင်းရယူစေမည်ဖြစ်ပါသည်။ သို့ပါ၍ အခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသော လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူထားသည့် သတင်းမီဒီယာများအနေဖြင့် သတင်းမီဒီယာတစ်ခုလျှင်(၂)ဦးနှုန်းဖြင့် ခွင့်ပြုပေးမည်ဖြစ်ပါ၍ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ရာထူးတာဝန်၊ သတင်းဌာနအမည်စသည့် သတ်မှတ်လျှောက်လွှာပုံစံပါ အချက်အလက်များကိုဖြည့်စွက်ကာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ (နေပြည်တော်)၊ ၀၆၇-၃၄၁၂၁၄၃၊ iprd.crd.npt @gmail.com၊ (ရန်ကုန်)၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ၃၁-၁-၂၀၂၅ ရက်နေ့အရောက် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၉၄၂ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ခြင်း(၂၇-၁-၂၀၂၅) ရက်နေ့၊ ည(၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၉-၁-၂၀၂၅)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၆-၁-၂၀၂၅)ရက်နေ့၊ ည(၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၉၄၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများအတွက် စဉ်ဆက်ပညာရေးလုပ်ငန်း တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်






**မန္တလေး ဇန်နဝါရီ ၂၇**

၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး၊ ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စဉ်ဆက်ပညာရေးလုပ်ငန်း တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၈)အခြေခံပညာ အထက်တန်းကျောင်း၊ အေးသီတာခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ တိုင်းဦးစီးမှူးနှင့် ခရိုင်၊ မြို့နယ်များမှ ပညာရေးမှူးများ၊ နည်းပြများ၊ သင်တန်းသား ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းအဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စာတတ်မြောက်မှုသည် အဓိကလိုအပ်ချက်ဖြစ်ပြီး နိုင်ငံသားတိုင်း စာတတ်မြောက်ရေး၊ အတန်းပညာတတ်မြောက်ရေးစသည့် ပညာရေးဆိုင်ရာများကို အလေးထားဆောင်ရွက်နေပါကြောင်း၊ ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စဉ်ဆက်ပညာရေးလုပ်ငန်းစဉ်များကို ၂၀၂၄ ခုနှစ် ဧပြီ ၆ ရက်မှ မေ ၁၆ ရက်အထိ ရက်ပေါင်း ၄၀၊ နာရီပေါင်း ၁၂၀ ကြာ အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုကို မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၈ ခုတို့မှ မြို့နယ် ၁၃ မြို့နယ်တွင် စာသင်သားဦးရေ ၂၄၄၀ ဦးကို အခြေခံပညာ ဆရာ၊ ဆရာမများ၊ တက္ကသိုလ်၊ ပညာရေးကောလိပ်တို့မှ စေတနာရှင် ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပညာတတ်များက နိုင်ငံတစ်ဝန်း အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခု ၂၀၂၅ ခုနှစ်တွင်လည်း ထပ်မံအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး ရက်ပေါင်း ၆၀၊ နာရီပေါင်း ၁၈၀ ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ပါကြောင်း၊ ပို့ချလိုက်သည့် သင်ခန်းစာများကို တက်ကြွစွာသင်ယူပြီး စာသင်ဝိုင်းများတွင် အပြည့်အဝထိရောက်စွာဖြင့် ပြန်လည်ပို့ချနိုင်အောင် သင်ခန်းစာများအပေါ် ဆွေးနွေးမှုများ၊ အကြံပြုမှုများ စိတ်ပါဝင်စားစွာဖြင့် လုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်းနှင့် နိုင်ငံတော်၏ ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်အောင် အလေးအနက်ထားကာ ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားပြီးနောက် မနီနှင့် သစ်တော အသိပညာပေးဗီဒီယိုဇာတ်လမ်းတိုကို ကြည့်ရှုအားပေး၍ သင်တန်းသားများ၊ နည်းပြများအား ရင်းနှီးစွာနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

**တပ်ကုန်း ဇန်နဝါရီ ၂၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက တောင်ပို့သာကျေးရွာအခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးဉာဏ်မြင့်ဦးက ဗလငါးတန်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းအမှာစကားပြောကြားခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းဆက်လက်ကျင်းပရာ တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ပြီး၊ တောင်ပို့သာကျေးရွာအခြေခံပညာအထက်တန်းကျောင်းမှ မောင်သက်မင်းထွန်း(Grade-11)၊ မသီရိဆွေ(Grade-10)၊ မလမင်းအိမ်(Grade-10)၊ မသီရိထွန်း(Grade-9)၊ မဖူးသီရိခေတ်(Grade-6)၊ မသွန်းရတီဖြိုး(Grade-6)၊ မချစ်ဆုအေး(Grade-10)၊ မခိုင်သဇင်ထွန်း(Grade-6)တို့က လူငယ်နှင့်အားကစား၊ လူငယ်နှင့်အနုပညာ၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်၊ လူငယ်နှင့်ကိုယ်ကျင့်တရား၊ လူငယ်နှင့် ဆိုရှယ်မီဒီယာခေါင်းစဉ်တို့ဖြင့် ဦးဆောင်ဆွေးနွေးခဲ့ပြီးနောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းခဲ့ကြရာ စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်သော ဦးစီးအရာရှိနှင့် ဦးဆောင်ဆွေးနွေးသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။

အဆိုပါ လူငယ်စကားဝိုင်းဆွေးနွေးပွဲအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတရသစာအုပ်များနှင့် ပြည်ထောင်စုနေ့နှင့်ပတ်သက်သော အသိပညာပေး နံရံကပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများ လေ့လာကြည့်ရှုကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးအသိပညာပေး ဟောပြောပွဲ ကျင်းပ

**ရှောင် ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှောင်မြို့နယ် သစ်တောဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်နှင့်သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီခွဲက လူထုအခြေပြုဇဟိုဌာနခန်းမ၌ ကျင်းပသည်။ (အပေါ်ပုံ)

အသိပညာပေးဟောပြောပွဲတွင် ရှောင်မြို့နယ် သစ်တောဦးစီးဌာန၊ ဦးစီးမှူး ဦးကျော်ဝင်းက သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဦးကျော်မျိုးသန့်က စိုက်ပျိုးရေးနှင့် ကွင်းကျန်စွန့်ပစ်အပင်များ မီးရှို့ခြင်းမှ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာများ၊ မီးသတ်ဦးစီးဌာန၊ ဦးစီးအရာရှိ ဦးသိန်းဇော်ဦးက တောမီးလောင်ခြင်း၊ မီးကြွင်းမီးကျန်များမှ မီးကူးစက်မှုဆိုင်ရာများ၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၊ ပန်းလောင်နှင့် ပြဒါးလင်းဂူ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်စိုးက မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာများကို အသီးသီး ရှင်းလင်းဟောပြောခဲ့ကြပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ တောအုပ်ဦးဖုန်းနိုင်က မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာများကို ပရိုဂျက်တာဖြင့် ပြသ၍ ရှင်းလင်းတင်ပြခဲ့ကာ တက်ရောက်လာကြသူများအား မိမိတို့ဌာနအလိုက် အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

(၃၃၈)

## မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပြေးဆွဲနေသော မော်တော်ယာဉ်လိုင်းများ၊ စင်းလုံးငှားလေးဘီးနှင့် သုံးဘီး Taxi ယာဉ်များ မှတ်ပုံတင်ပြုလုပ်ရန်လို

**မန္တလေး ဇန်နဝါရီ ၂၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်နေကြသည့် မော်တော်ယာဉ်လိုင်းများ၊ စင်းလုံးငှားလေးဘီးနှင့် သုံးဘီး Taxi ယာဉ်များသည် မန္တလေးတိုင်းဒေသကြီး၊ ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ(မြို့တွင်း)သို့ မှတ်ပုံတင်ပြုလုပ်ရန်လိုကြောင်း ယင်းကော်မတီမှ သိရသည်။

အဆိုပါ ယာဉ်များသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြဋ္ဌာန်းထားသည့် တိုင်းဒေသကြီး ပုဂ္ဂလိကပိုင်မော်တော်ယာဉ်လုပ်ငန်းများ စနစ်တကျ ပြေးဆွဲရေး ဥပဒေအမှတ်-၈ ပုဒ်မခွဲ(က)၊ နည်းဥပဒေ ပုဒ်မ-၂၊ ပုဒ်ခွဲ(ဃ)နှင့် ပုဒ်မ-၂၁ ပုဒ်မခွဲ(င)အရ မန္တလေးတိုင်းဒေသကြီး၊ ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ(မြို့တွင်း)၌ မှတ်ပုံတင်ပြုလုပ်ရမည် ဖြစ်သည်။

"မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းမှာ ခရီးသည်တင်ပြေးဆွဲနေတဲ့ သုံးဘီးယာဉ်တွေနဲ့လေးဘီးယာဉ်တွေ အနေနဲ့ ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ(မြို့တွင်း)မှာ အခါအားလျော်စွာ စစ်ဆေးမှုတွေ လုပ်တာဖြစ်တဲ့အတွက် မှတ်ပုံတင်ပြုလုပ်ရမှာဖြစ်ပါတယ်"ဟု ယင်းကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြို့တွင်းပြေးယာဉ်များ၊ လေးဘီးနှင့် သုံးဘီးစင်းလုံးငှားယာဉ်များအား ချမ်းအေးသာစံမြို့နယ်၊ ၆၃ လမ်း၊ ၃၃ လမ်း နှင့် ၃၄ လမ်းကြားရှိ မန္တလေးတိုင်းဒေသကြီး၊ ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ(မြို့တွင်း)ရုံးတွင် မှတ်ပုံတင်ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-ဇ)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပြည်ကြီးတံခွန်မြို့နယ်ရှိ MSME လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး၊ ဆေးတက္ကသိုလ်-မန္တလေး မိသားစု၏ ၅၈ ကြိမ်မြောက် ကထိန်အောင်ပွဲ ညဈေးပွဲတော်သို့ တက်ရောက်အားပေး

**မန္တလေး ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ MSME လုပ်ငန်းများ လည်ပတ်နေမှု အခြေအနေတို့ကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စပါးနှံ့တာယာစက်ရုံသို့ လည်းကောင်း၊ ခူဝံဆီစက်လုပ်ငန်းသို့လည်းကောင်း၊ CYT ချည်စက်ရုံသို့လည်းကောင်း၊ အောင်စိန်ချည်စက်ရုံသို့လည်းကောင်းသွားရောက်ပြီးလုပ်ငန်းများ လည်ပတ်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုပြီး စက်ရုံနှင့် အလုပ်ရုံတို့မှ တာဝန်ရှိသူများက ကုန်ကြမ်းမှကုန်ချောအထိထုတ်လုပ်မှုအဆင့်ဆင့်ကို လိုက်ပါရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ပေးပြီးလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ချမ်းအေးသာစံမြို့နယ်ရှိ ဆေးတက္ကသိုလ်-မန္တလေးတွင် ကျင်းပသည့် ၅၈ ကြိမ်မြောက် ကထိန်အောင်ပွဲ၊ ညဈေးပွဲတော်သို့ တက်ရောက်ပြီး ဆေးတက္ကသိုလ်-မန္တလေးပါမောက္ခချုပ်နှင့် နီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူးများ)၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းနှီးစွာ နှုတ်ဆက်ပြီး ညဈေးပွဲတော်တွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**













❖ စာမျက်နှာ ၂၄ မှ

ရရှိခဲ့သည်။

ယနေ့ပွဲတွင် အနိုင်ရရှိသည့် ဒဂုံစတားယူနိုက်တက်အသင်းသည် လာမည့် ဖေဖော်ဝါရီ ၁ ရက်၊ သုဝဏ္ဏကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ဆက်လက် ကစားရမည်ဖြစ်ပြီး သစ္စာအားမာန်အသင်းသည် ဖေဖော်ဝါရီ ၃ ရက်၊ YUSC ကွင်းတွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**(NGB)**

0-0-0-0-0


Mandalay City Development Committee
MANDALAY

- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၅)သို့ တက်ရောက်




**မန္တလေး ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၅)ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအတွင်း ရေမြေကောင်းမွန်သည့် စိုက်ပျိုးနိုင်သောလယ်ယာမြေများ ထိခိုက်လျော့နည်းမှုများမရှိစေရေး၊ လယ်ယာမြေများပေါ်တွင် ခွင့်ပြုချက်မရှိဘဲအခြားနည်းဖြင့် ကျူးလွန်အသုံးပြုခြင်းများ မဖြစ်ပေါ်စေရေးတို့အတွက် လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များ၊ စံပြုလုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးကြပ်မတ်ကာ ထိရောက်စွာ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးသိန်းဝင်းက လယ်ယာမြေဥပဒေပုဒ်မ-၃၀(ခ)အရ အခြားနည်းအသုံးပြုခွင့်လျှောက်ထားသည့် လုပ်ငန်းစာတွဲ ၁၃၅ တွဲနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စိစစ်တင်ပြရန်လွှဲပြောင်း ပေးပို့လာသည့် စိစစ်ရန်ကိစ္စရပ်များ အပေါ် ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသူများက လယ်ယာမြေစီမံခန့်ခွဲမှုလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ကျောင်းတွင်းဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပ

**တောင်တွင်းကြီး ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(မြို့မ)တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောင်းတွင်း ဖူဆယ်ဘောလုံးအားကစားပြိုင်ပွဲကို ယမန်နေ့နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ဦးစွာ အခြေခံပညာအလယ်တန်းကျောင်း(မြို့မ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန္ဒာဇော်က ကျောင်းသား လူငယ်လူရွယ်များ အချင်းချင်းရင်းနှီးမှုရရှိစေရန်၊ မြန်မာ့အားကစား အဆင့်အတန်းတိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ချစ်ကြည်ရေးဖူဆယ်ဘောလုံးပြိုင်ပွဲကျင်းပခြင်းဖြစ်ကြောင်း အားကစားသမားအချင်းချင်း ရိုင်းပင်းကူညီပြီး အားကစားသမားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်သွားကြရန် အဖွင့်အမှာစကား ပြောကြားသည်။ မြို့မအခြေခံပညာအလယ်တန်းကျောင်းမှ ကာယဆရာကြီးက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကာ တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်း(၁၀)သင်းမှ အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ထို့နောက် Grade -5 ဘောလုံးအသင်းနှင့် Grade - 6 ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ Grade-6 ဘောလုံးအသင်းမှ ၃ ဂိုး၊ ၂ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**နောင်နောင်(ဗိသုနိုးမြေ)**

## မိတ္ထီလာတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ကျင်းပ

**မိတ္ထီလာ ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မိတ္ထီလာတက္ကသိုလ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါ တက္ကသိုလ်၏ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ပါမောက္ခချုပ်ဒေါက်တာဘဟန်က အမှာစကားပြောကြားသည်။ ထို့နောက် အမျိုးသား ဘော်လီဘောပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရူပဗေဒအသင်းနှင့် ဝိဇ္ဇာညွှန့်ပေါင်းအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုအား ပါမောက္ခချုပ် ဒေါက်တာဘဟန်၊ ဒုတိယပါမောက္ခချုပ်ဒေါက်တာကျော်လင်းနှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသူကျောင်းသားများက ကြည့်ရှုအားပေးကြသည်။ အဆိုပါ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် အမျိုးသားအသင်း ၉ သင်းနှင့် အမျိုးသမီး ၉ သင်း စုစုပေါင်း ၁၈ သင်း ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပြိုင်ပွဲအား ဇန်နဝါရီ လ ၃၀ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(၄၅၃)**



## ရေနံချောင်းမြို့နယ်တွင် ဆောင်းရာသီ ဆီထွက်သီးနှံ ဧက ၁၆၈၅ စိုက်ပျိုးပြီး

**ရေနံချောင်း ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်တွင်ဆောင်းရာသီ ဆီထွက်သီးနှံ ဧက ၁၆၈၅ စိုက်ပျိုးပြီးဖြစ်ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

ယခုနှစ်ဆောင်းသီးနှံအဖြစ် မြေပဲကို ဧက ၁၇၇၂ လျာထားပြီး စိုက်ပျိုးခဲ့ရာ ယမန်နေ့အထိ ဧက ၁၆၈၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ယမန်နှစ် စိုက်ပျိုးခဲ့မှုကို ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် ၃၇ ဒသမ ၂၀ တင်း ထွက်ရှိကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

ရေနံချောင်းမြို့နယ်၌ မြေပဲဆန်ကို ပြည်တွင်းဈေးကွက်၌ရောင်းချခြင်းဖြင့်လည်းကောင်း၊ စားသုံးဆီဖူလုံရေးအပြင် ပြည်ပက စားသုံးဆီတင်သွင်းမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ မြေပဲဆန်နှင့်ပြုလုပ်သော ပဲကြော်လုပ်ငန်းအပြင် မုန့်လုပ်ငန်းများက အသုံးပြုသာကြောင့် အရောင်းအဝယ် ပုံမှန်ရှိသဖြင့် တောင်သူများသည်မိုးရာသီနှင့် ဆောင်းရာသီ၌ အဓိကစိုက်ကြပြီး တောင်သူများ အကျိုးအမြတ်ရရှိကြသည်။ ရေနံချောင်းမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနဝန်ထမ်းများက တောင်သူများ မြေပဲစိုက်ပျိုးရေးအတွက် ဆီထွက်သီးနှံမြေပဲ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် နည်းပညာများ ပံ့ပိုးနေကြောင်း သိရသည်။

**ဆန်းညွန့်**



## အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင် ဈေးပြိုင်လေလံတင်စနစ်ဖြင့် ရောင်းချ

**လဲချား ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက်အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်နှင့် သားသတ်လုပ်ငန်းလိုင်စင်များ ဈေးပြိုင်လေလံတင်စနစ်ဖြင့် ရောင်းချခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီအချိန်က သီရိဟံသာခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါလေလံတင် အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးသိန်းစိုးဦးက လုပ်ငန်းဆိုင်ရာစည်းကမ်းများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။**(အပေါ်ပုံ)**

ယင်းနောက် လေလံတင်ရောင်းချရေးအဖွဲ့ တာဝန်ရှိသူများ၏ရှေ့မှောက်တွင် အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်နှင့် သားသတ်လုပ်ငန်းလိုင်စင်များအား ဈေးပြိုင်စနစ်ဖြင့် ပွင့်လင်းမြင်သာစွာ လေလံတင်ရောင်းချခဲ့ပြီး အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လုပ်ငန်းလိုင်စင်လျှောက်ထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀

## ညစ်ညမ်းသောက်သုံးရေအသုံးပြုနေသူများ ကင်ဆာများဖြစ်ပွားနိုင်ခြေ မြင့်မားနိုင်



အမေရိကန်ပြည်ထောင်စု တောင်ကာလီဖိုးနီးယားနယ်တက္ကသိုလ်၊ ကက်ဆေးကျောင်းမှ သုတေသီများသည် သောက်သုံးရေထဲတွင် လူလုပ်ထားသော 'ထာဝရဓာတုပစ္စည်း'များ၏ ပမာဏနှင့် အစာခြေစနစ်၊ အချိုးအစားစနစ်၊ အသက်ရှုလမ်းကြောင်းစနစ်နှင့် ပါးစပ်နှင့် လည်ချောင်းကဲ့သို့သော ကင်ဆာအချို့ဖြစ်ပွားနိုင်ခြေတိုးလာမှုတို့အကြား ဆက်နွယ်မှုကို မကြာသေးမီက ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါသုတေသီများ၏ လေ့လာမှုအသစ်အရ လူလုပ်ဓာတုပစ္စည်းများဖြင့် ညစ်ညမ်းနေသည့် သောက်သုံးရေကို အသုံးပြုနေရသူများသည် အချို့သော ကင်ဆာများ ဖြစ်ပွားနိုင်ခြေ ၃၃ ရာခိုင်နှုန်းအထိ ပိုမိုမြင့်မားနိုင်ကြောင်း တွေ့ရှိခဲ့သည်။

ဤလေ့လာမှုကို ပတ်ဝန်းကျင်ဆေးသိပ္ပံဂျာနယ်တွင် ဖော်ပြခဲ့ပြီး အမေရိကန် အမျိုးသားကျန်းမာရေးအဖွဲ့အစည်းမှ ငွေကြေးထောက်ပံ့ခဲ့သည်။ အမေရိကန်တွင် သောက်သုံးရေထဲရှိ ညစ်ညမ်းမှုနှင့် ကင်ဆာအကြား ဆက်နွယ်မှုကို တိုက်ရိုက်လေ့လာသည့် ပထမဆုံးသော လေ့လာမှုဖြစ်ကြောင်း သိရသည်။ (SCI)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## Ameesha Petal ၏ Bhool Bhulalyaa ရုပ်ရှင်ဇာတ်ကား သရဲကို သနား၍ မျက်ရည်ကျခဲ့ရ

ဘောလိဝုဒ်ရုပ်ရှင် Bhool Bhulalyaa တွင် မင်းသမီးချော အမီရှာပတေးနှင့် အရှေးကူးမားရ်တို့ အဓိကပါဝင်ထားပြီး သရဲကို သနား၍ မျက်ရည်ကျခဲ့ရသည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်မှာ ဘာသာတရားနှင့် စိတ်ပညာကို အခြေခံထားသည့် ပညာသားပါပါ ဟာသနှောထားသော ဂန္ထဝင်ဇာတ်ကား တစ်ခုဖြစ်သည်။

သရဲခြောက်သည့် နန်းတော်ထဲမှ စိတ်ရောဂါဝေဒနာရှင်လေး အပြင် သရဲကို ဆရာဝန်က ပညာသားပါပါ ဘာသာရေးအကူအညီနှင့် ကုသပေးခဲ့ရာ ဟာသကြိုက်သူများနှစ်သက်ခဲ့ကြပြီး အသည်းနုသူများက ကြည့်ရှုရင်း သရဲကို သနား၍ မျက်ရည်ကျခဲ့ရသည်အထိ ဖြစ်ခဲ့ကြရသည်။ (SKY)




## Mr & Mrs Smith စုံတွဲ ပြန်ပေါင်းထုပ်ရန် ရုပ်ရှင်တစ်ကား ကမ်းလှမ်းထား

ဟောလိဝုဒ် အကျော်ကြားဆုံး စုံတွဲဖြစ်ခဲ့သည့် Mr & Mrs Smith သရုပ်ဆောင် ဘရက်ပစ်နှင့် အိန်ဂျလီနာဂျိုလီကို ပြန်ပေါင်းထုပ်ရန်အတွက် ရုပ်ရှင်ဇာတ်ကားတစ်ခု သရုပ်ဆောင်ရန် ဒေါ်လာသန်းခြောက်ဆယ်ပေး၍ ကမ်းလှမ်းထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ခါးသီးသော ကွာရှင်းပြတ်စဲခြင်း ဇာတ်လမ်းနှင့် ခုနစ်နှစ်တာကာလအတွင်း ကမ္ဘာကို စွဲလမ်းစေခဲ့သည့်စုံတွဲ အသက်(၆၀)နှစ် အိန်ဂျလီနာဂျိုလီနှင့် အသက်(၅၀)နှစ် ဘရက်ပစ်တို့ ၂၀၀၄ ခုနှစ် Mr & Mrs Smith နှင့် နာမည်ကျော်ကာ ဆယ်စုနှစ်တစ်ခုကြာ လက်တွဲခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်နောက်ခံ Hotel Martine 2 စာအုပ်အခြေခံတွင် သရုပ်ဆောင်ပေးရန် သူတို့နှစ်ဦးကို ထုတ်လုပ်သူ ဒန်နီရိုဆန်နာက ကွဲကွာနေသော စုံတွဲကို ရဲရင့်စွာ စိန်ခေါ်ထားမှုဖြစ်ပြီး ဒေါ်လာ သန်း ၆၀ ထက် ပိုပေးရန်အထိ ဆန္ဒရှိကြောင်းကို The Post တွင် ပြောကြားထားသည်။ (SKY)


## မင်းသားကြီး Hugh grant က Heretic ရုပ်ရှင်နှင့် ဟောလိဝုဒ်အော်စကာစာရင်း ဝင်ထား

မင်းသားကြီး ဟူးဂရန့်သည် Heretic ရုပ်ရှင်တွင် စိတ်ဖောက်ပြန်သူတစ်ဦးအဖြစ် အနုပညာစွမ်းရည်ပြသထားရာ ဟောလိဝုဒ်အော်စကာဆန်ကာတင်စာရင်းတွင် ပါဝင်ခဲ့သည်ထိ ထူးချွန်ပြောင်မြောက်ခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် ပရိသတ်များ ကြည့်ရှုရင်းကြောက်စိတ်ဝင်လာသည်အထိ ဆွဲခေါ်သွားနိုင်ခဲ့ကာ ကြောင်နှင့်ကြွက် အမဲလိုက်သကဲ့သို့ ဂိမ်းမျိုးကစားပြီး ဆိုက်ကိုရုပ်ရှင်များကို သူ၏သရုပ်ဆောင်အတတ်ပညာနှင့် ဖော်ပြထားသည်။

ရုပ်ရှင်ဇာတ်ကားအတော်များများတွင် ဟူးဂရန့်ကို ချစ်စရာကောင်းသည့် သရုပ်ဆောင်အဖြစ် မြင်တွေ့ကြရသော်လည်း Heretic ရုပ်ရှင်တွင် ကြည့်ရှုရင်း ရွံ့ကြောက်ကြီးတစ်ဦးဖြစ်လာသည်အထိ စွမ်းရည်ပြသနိုင်ခဲ့၍ ဟောလိဝုဒ်အော်စကာဆန်ကာတင်ဆု စာရင်းဝင်ခဲ့သည်။ (SKY)




## Laapataa Ladies က (၉၇)ကြိမ်မြောက် အော်စကာဆုပေးပွဲကို နှုတ်ဆက်သွား

ရုပ်ရှင်ဆိုင်ရာ ထူးချွန်ဆုပေးပွဲကြီးတစ်ခုဖြစ်သည့် အော်စကာဆုပေးပွဲ ၉၇ကြိမ်မြောက်၏ ဆုစာရင်းတွင် အိန္ဒိယရုပ်ရှင်၊ Laapataa Ladies က နှုတ်ဆက်ထွက်ခွာခဲ့ရသည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အိန္ဒိယရုပ်ရှင်အစည်းအရုံး (Film Federation of India) က အော်စကာတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံရန် ရုပ်ရှင်ဇာတ်ကားများဖြစ်သည့် Animal, Aattam, All We Imagine As Light နှင့် ဟင်ဒီစကားပြော Laapataa Ladies အပါအဝင် ရုပ်ရှင် ၂၉ ကား တင်ပြခဲ့သည်။

(၉၇)ကြိမ်မြောက် အော်စကာဆုပေးပွဲတွင် အမျိုးသမီးဒါရိုက်တာ ပါရယ်ကာပါဒီယာ ၏ All We Imagine As Light ရုပ်ရှင်မှာ စာရင်းတွင် ပါဝင်ခဲ့ပြီး အမျိုးသမီးဒါရိုက်တာ ကာရန်းရော်၏ Laapataa Ladies က စာရင်းတွင် မပါဝင်ဘဲ နှုတ်ဆက်ထွက်ခွာခဲ့ရသည်။

အဆိုပါ ဆုပေးပွဲကို မတ် ၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အကောင်းဆုံးနိုင်ငံတကာရုပ်ရှင်အမျိုးအစားအတွက် စာရင်းထွက်ပေါ်လာခဲ့သည်။ (SKY)

## Lee Sun Kyun ကွယ်လွန်ရသည့်အတွက် တရားခံများ ပြစ်ဒဏ်ချမှတ်ခံရ

နာမည်ကြီးမင်းသား လီဆောင်ကွမ်း ရုတ်တရက် ကွယ်လွန်ခဲ့ရသည့် နောက်ကွယ်မှ တရားခံများကို တရားရုံးမှ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



လီဆောင်ကွမ်း ရုတ်တရက်ကွယ်လွန်ခဲ့ရခြင်းမှာ ခြိမ်းခြောက်ခံရခြင်းကြောင့်ဖြစ်ကာ နောက်ကွယ်မှ အနုပညာအောကျင်းစီပိုင်ရှင် မန်နေဂျာအမျိုးသမီးနှင့် မင်းသားဟောင်းတို့ကို တရားရုံးက ပြစ်ဒဏ်ချမှတ်ခဲ့သည်။

မန်နေဂျာ အမျိုးသမီးကို ထောင်ဒဏ်သုံးနှစ်ခွဲ၊ မင်းသားဟောင်းကို လေးနှစ်နှင့် နှစ်လ ပြစ်ဒဏ်ချမှတ်မှုကို တရားရုံးက ဆုံးဖြတ်ခဲ့ပြီး ရဲဘက်က ထောင်ဒဏ် ခုနစ်နှစ် ကျခံစေရန် တောင်းဆိုခဲ့ခြင်း ဖြစ်သည်။ (SKY)

## Han So Hee က အလှတရားဆိုသည်မှာ ကျန်းမာခြင်းဖြစ်သည်ဟု ပြောကြားခဲ့

အနုပညာလောကတွင် ဝေဖန်တိုက်ခိုက်မှုများနှင့် အမြဲကြုံတွေ့ရသော ဟန်ဆိုဟီးသည် သူ၏ ပိန်ပါးလှသည့် ခန္ဓာကိုယ်ကို တိုက်ခိုက်ခံရ၍ အလှတရားဆိုသည်မှာ ကျန်းမာခြင်းဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ခန္ဓာကိုယ်သေးသွယ်သော ဟန်ဆိုဟီးက ပရိသတ်များကို သူ၏ ခန္ဓာကိုယ် တိုက်ခိုက်ခံရခြင်းနှင့် ပတ်သက်၍ ပရိသတ်များ သူ့လို ပိန်ရန်မလိုဘဲ ကျန်းမာရေးကိုသာ အဓိက ဂရုတစိုက် ကာကွယ်ရန်လိုကြောင်း အတွင်းစိတ်က အရေးကြီးပြီး သူ၏အလုပ်မှာ ရုပ်ပြစားနေရ၍ ဝိတ်လျှော့ထားရကြောင်း၊ ကျန်းမာရေးထိခိုက်ခဲ့၍ ဝိတ်လျှော့ရန်မလိုကြောင်း၊ အလှတရားဆိုသည်မှာ ကျန်းမာခြင်းသာဖြစ်ကြောင်း ပြန်လည်ပြောကြားထားသည်။

ဟန်ဆိုဟီးသည် ဝေဖန်ခံရမှုနှင့် ကျော်ကြားခဲ့ကာ နှစ်ကုန်ပိုင်းတွင် နာမည်ကျော် ကေပေါ့ပ်ဘုရင် ဂျီဒရယ်ဂွန်နှင့် ကောလာဟလသတင်းများ ထွက်ပေါ်လာခဲ့သည်။ (SKY)



# အမေရိကန်မှ ပြန်လည်ပို့ဆောင်ခံရသူများကို လက်ခံရန် ကိုလံဘီယာအစိုးရဘက်က သဘောတူညီ



**ဘိုဂိုတာ ဇန်နဝါရီ ၂၇**

ကိုလံဘီယာနိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့်ဖြစ်ပွားနေသော ပျက်စီးစေနိုင်သည့် ကုန်သွယ်ရေးစစ်ပွဲ၏ အစွန်းအထင်းမှ နောက်ဆုတ်လိုက်ပြီး သမ္မတဒေါ်နယ်လ်ထရမ့်၏ ခြိမ်းခြောက်မှုများအပါအဝင် စစ်လေယာဉ်များဖြင့်ပြန်ပို့သည့် လူဝင်မှုကြီးကြပ်ရေးမှ ပြန်လည်ပို့ဆောင်ခံရသူများကို လက်ခံရန် ကိုလံဘီယာသမ္မတ ဂုစတာဗိုပေဒရိုထံမှ ဇန်နဝါရီ ၂၇ ရက်တွင် သဘောတူညီမှုရရှိခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကိုလံဘီယာနိုင်ငံက တနင်္ဂနွေညနေ၌ အမေရိကန်စစ်လေယာဉ်နှစ်စီးဖြင့် ပြန်ပို့ခံရသူများကို နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်မပြုဘဲ တားဆီးခဲ့ပြီးနောက် တားဆီးမှုကိုရုပ်သိမ်းကာ ထိုသို့သဘောတူညီခဲ့ခြင်းပင် ဖြစ်သည်။

"ကျွန်ုပ်တို့သည် ပြန်လည်ပို့ဆောင်ခံရသူများအဖြစ် ပြန်လာသော ကိုလံဘီယာနိုင်ငံသားများကို ဆက်လက်လက်ခံသွားမည်ဖြစ်ပြီး ၎င်းတို့အား အခွင့်အရေးရှိသောနိုင်ငံသားများအဖြစ် သင့်တင့်လျောက်ပတ်သောအခြေအနေများကို အာမခံပေးသွားမည်" ဟု ကိုလံဘီယာနိုင်ငံခြားရေးဝန်ကြီးက ရုပ်မြင်သံကြားမှတစ်ဆင့် အတည်ပြုပြောကြားသည်။

ထို့အပြင် အမေရိကန်ပြန်ပို့ဆောင်ရေးလေယာဉ်များ ပြန်လည်စတင်ခဲ့ပြီး ကိုလံဘီယာသမ္မတလေယာဉ်ကို နိုင်ငံသားများအား ပြန်လည်ပို့ဆောင်ရန်ကူညီဖို့ ပြင်ဆင်နေကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ကိုလံဘီယာနိုင်ငံသားများနှင့် ကုန်တင်သင်္ဘောများအား ဗီဇာပိတ်ပင်မှုများနှင့် အကောက်ခွန်စစ်ဆေးမှုများအပါအဝင် အခြားပြစ်ဒဏ်များကို ကိုလံဘီယာနိုင်ငံသားများ ပြန်လည်ပို့ဆောင်ခံရသည့် ပထမဆုံးလေယာဉ် အောင်မြင်စွာ ပြန်လည်ရောက်ရှိသည်အထိ အိမ်ဖြူတော်က ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



## ဘယ်လာရုစ်ခေါင်းဆောင် အလက်ဇန်းဒါးလူကာရှင်ကို ၂၀၂၅ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိ

**မင့်စ်ခ် ဇန်နဝါရီ ၂၇**

ဘယ်လာရုစ်ခေါင်းဆောင် အလက်ဇန်းဒါးလူကာရှင်ကိုသည် ၂၀၂၅ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိသူအဖြစ် မိမိကိုယ်မိမိ ထုတ်ဖော်ကြေညာခဲ့ပြီးနောက် ဇန်နဝါရီ ၂၇ ရက်တွင်၎င်း၏ ၃၁ နှစ်ကြာအုပ်ချုပ်မှုသက်တမ်းကို တိုးမြှင့်လိုက်ပြီဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ကနဦးရလဒ်များအရ၊ မဲပေးခြင်းတွင် အခြားကိုယ်စားလှယ်လောင်းလေးဦးထံမှ ပြင်းထန်သော စိန်ခေါ်မှုရင်ဆိုင်ခဲ့ရသော၊ လူကာရှင်ကိုအနေဖြင့် မဲ၏ ၈၆ ဒသမ ၈ ရာခိုင်နှုန်းကို ရယူနိုင်ခဲ့သည်။

ဘယ်လာရုစ်နိုင်ငံတွင် လွတ်လပ်သောမီဒီယာများကို ပိတ်ပင်ထားပြီး အတိုက်အခံနိုင်ငံရေးခေါင်းဆောင်အားလုံးကို ပြည်ပသို့ထွက်ပြေးရန် ဖိအားပေးခဲ့သောကြောင့် အဆိုပါမဲရလဒ်သည် တရားမျှတမှုမရှိဟု ဥရောပနိုင်ငံရေးသမားများက ဝေဖန်ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

# ယခုနှစ်အတွင်းကျင်းပမည့် ကမ္ဘာ့ကုန်စည်ပြပွဲမတိုင်မီ အိုဆာကာမြို့ လူသွားလမ်းများပေါ်၌ ဆေးလိပ်မသောက်ရန် တားမြစ်




**တိုကျို ဇန်နဝါရီ ၂၇**

ဂျပန်နိုင်ငံ၊ အိုဆာကာမြို့သည် ယခုနှစ်အတွင်းကျင်းပမည့် ကမ္ဘာ့ကုန်စည်ပြပွဲမတိုင်မီ ဧည့်သည်များအတွက် ပိုမိုဖိတ်ခေါ်နိုင်ရန် ကြိုးပမ်းမှုတစ်ခုအဖြစ် ဇန်နဝါရီ ၂၇ ရက်တွင် လူသွားလမ်းများပေါ်၌ ဆေးလိပ်သောက်ခြင်းကို တားမြစ်လိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၂၀၂၅ ခုနှစ် ကမ္ဘာ့ကုန်စည်ပြပွဲတွင် နိုင်ငံနှင့်ဒေသပေါင်း ၁၆၀ ခန့်ပါဝင်မည်ဖြစ်ပြီး ယခုနှစ်သည် ကမ္ဘာတစ်ဝှမ်းရှိ မတူညီသောနေရာများတွင် ငါးနှစ်တစ်ကြိမ် ကျင်းပလေ့ရှိသည့် နောက်ဆုံးအကြိမ်ဖြစ်သည်။

ကမ္ဘာ့ကုန်စည်ပြပွဲ ဧပြီလတွင် စတင်မည်ဖြစ်သည်။ "ကျွန်ုပ်တို့သည် ကမ္ဘာတစ်ဝှမ်းမှ လူများစွာကို ကြိုဆိုလိုပါသည်။ ထို့ကြောင့် အိုဆာကာမြို့ကို ဆေးလိပ်ငွေ့ကင်းစင်သောလမ်းများဖြင့် လူများလုံခြုံပြီး စိတ်ချမ်းသာစွာနေထိုင်နိုင်သော မြို့တစ်မြို့အဖြစ် ပြောင်းလဲလိုပါသည်" ဟု မြို့တော်ဝန် ဟိဒဲယုကိယောကောယမ က ပြောကြားခဲ့သည်။

အိုဆာကာဘူတာဝန်းကျင်အပါအဝင် ဇုန်ခြောက်ခုတွင် ဆေးလိပ်သောက်ခြင်းကို တားမြစ်ထားသည်။ ယခုအခါတွင် ၎င်းတားမြစ်ချက်ကို မြို့တစ်မြို့လုံးသို့ချဲ့ထွင်လိုက်ပြီး ၎င်းစည်းကမ်းကိုဖောက်ဖျက်သူများ ယန်း ၁,၀၀၀ (အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၀) ဒဏ်ငွေပေးဆောင်ရမည်ဖြစ်သည်။ ဂျပန်နိုင်ငံရှိ နေရာအများစုတွင် လမ်းလျှောက်ရင်း ဆေးလိပ်သောက်ခြင်းကို ဒေသဆိုင်ရာစည်းမျဉ်းများက တားမြစ်ထားသော်လည်း လွှတ်တော်အမတ်အချို့၏ ကန့်ကွက်မှုများကြောင့် တင်းကျပ်သော အမျိုးသားဥပဒေများ ပြဋ္ဌာန်းနိုင်ခြင်း မရှိသေးကြောင်း သိရသည်။

**Mon**



ထိုသို့လွှတ်ပေးခြင်းကြောင့် စိတ်ပူနေသောမိသားစုများအတွက်လိုအပ်နေသော စိတ်သက်သာမှုရရှိစေမည်ဟု မိမိတို့ မျှော်လင့်သည်ဟု ယီမင်အခြေစိုက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီကိုယ်စားလှယ်အဖွဲ့၏ ခေါင်းဆောင်က ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**




## လူဝင်မှုကြီးကြပ်ရေး စစ်ဆေးအကောင်အထည်ဖော်မှုများ စတင် အမေရိကန်တစ်နိုင်ငံလုံး လူပေါင်း ၁,၀၀၀ ခန့်ကို ဖမ်းဆီးခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၂၇**

အမေရိကန်အစိုးရသည် ဇန်နဝါရီ ၂၇ ရက်တွင် နိုင်ငံတစ်ဝှမ်းလုံး၌ လူဝင်မှုကြီးကြပ်ရေး စစ်ဆေးအကောင်အထည်ဖော်မှုများကို စတင်ခဲ့ပြီး ပြည်ထောင်စုအဆင့်ဌာနများစွာပါဝင်ကာ လူပေါင်း ၁,၀၀၀ ခန့်ကို ဖမ်းဆီးခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

သမ္မတဒေါ်နယ်လ်ထရမ့်အစိုးရလက်ထက်တွင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ပိုင်ခွင့်များ ပိုမိုရရှိထားသည့် ပြည်ထောင်စုအဆင့်ဌာနများကို ပူးပေါင်းပါဝင်စေကာ ပိုမိုကြီးမားသော အကောင်အထည်ဖော်မှုစနစ်ကို ထိုဖမ်းဆီးမှုများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပြည်ထောင်စုအဆင့်ဌာနများသည် နိုင်ငံတော်လုံခြုံရေးနှင့် ပြည်သူ့လုံခြုံရေးအတွက် ခြိမ်းခြောက်မှုဟုဆိုသည့်သူများကို ဦးတည်ဖမ်းဆီးရာတွင် နိုင်ငံတော်တရားရုံးဌာနများမှ အရာရှိများနှင့်ပူးပေါင်းခဲ့သည်။ ယင်းလုပ်ငန်းစဉ်ကို ယခုသီတင်းပတ်အတွင်း ဆက်လက်လုပ်ဆောင်သွားမည်ဟု မျှော်လင့်ရသည်။ ယင်းအကောင်အထည်ဖော်မှုများပြုလုပ်သောနေ့ရက်ကို "ကောင်းသောနေ့" နှင့် "အခင်းအကျင်းပြောင်းလဲစေသောနေ့" အဖြစ် အိမ်ဖြူတော်၏ "နယ်စပ်မှူးကြီး" တွမ်ဟိုမန်းက ချီကာဂိုမြို့တွင် ရည်ညွှန်းပြောကြားသည်။

သမ္မတထရမ့်အနေဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍ အစိုးရဌာနအားလုံးကို စုစည်းထားသည်ဟု ၎င်းက ထည့်သွင်းပြောကြားကြောင်း သိရသည်။

**Mon**

## ဖမ်းဆီးထားသော သုံ့ပန်း ၁၅၃ ဦးကို ယီမင်နိုင်ငံရှိ ဟူသီသူပုန်များ လွှတ်ပေးခဲ့သည်ဟု ဆို

**ဆာနား ဇန်နဝါရီ ၂၇**

ယီမင်နိုင်ငံရှိ ဟူသီသူပုန်များသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီမှတစ်ဆင့် သုံ့ပန်း ၁၅၃ ဦးကို ဇန်နဝါရီ ၂၆ ရက်က လွှတ်ပေးခဲ့သည်ဟု အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် သူပုန်အဖွဲ့က အတည်ပြုခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဖမ်းဆီးခံထားရသူများကို ဆာနားမြို့တော်တွင် လွှတ်ပေးခဲ့ပြီး သုံ့ပန်းများကို လူသားဆန်စွာ ဆက်ဆံမှုရှိစေရန် ဖမ်းဆီးခံထားရသူများကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီမှ တာဝန်ရှိသူများက ပုံမှန်လာရောက်ကြည့်ရှုခဲ့သည်။

**STOP AIDS**

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလက ဂရိနိုင်ငံတွင်ဖြစ်ပွားခဲ့သော မီးရထားနှစ်စင်းဝင်တိုက်မှုတွင် တာဝန်ရှိသူများကို ဖော်ထုတ်အရေးယူပေးရန် အေသင်မြို့တော်၌ ယမန်နေ့က လူပေါင်းသိန်းနှင့်ချီ၍ တောင်းဆိုနေကြစဉ်။

**Mon**



# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးနှင့် ပတ်သက်၍ ငွေကြေးများ တောင်းခံခဲ့ကြသည့် ဝန်ထမ်းများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၇

နိုင်ငံသား တိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ဥပဒေအမှတ် (၂၇/၂၀၁၀) ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာသက်ဝင်စေခဲ့ကာ ပြည်သူ့စစ်မှုထမ်းသင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။



မောင်ကျော်မင်းခန့်၏ မိဘများထံ ငွေကျပ် သိန်း ၁၃၀ အား ပြန်လည်ပေးအပ်စဉ်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်အလိုက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ စနစ်တကျ ဖွဲ့စည်းထားရှိ၍ ထုတ်ပြန်ထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အညီသာ ရွေးချယ်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်သူများ သိရှိနားလည်စေရန် ရုပ်မြင်သံကြားများနှင့် သတင်းစာများတွင် ထုတ်ပြန်လျက်ရှိပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအရ အကျုံးဝင်သည့် အသက် ၁၈ နှစ်မှ ၃၅ နှစ်အထိ အမျိုးသားများကိုသာ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆင့်ခေါ်ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသော်လည်း ဇန်နဝါရီ ၂၆ ရက်တွင် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ ရွှေဘိုမြို့နယ်အတွင်း ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်မှုနှင့် ပတ်သက်၍ ငွေကြေးအလွဲသုံးစားမှု ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဖြစ်စဉ်အား မြေပြင်သတင်း စိစစ်ဖော်ထုတ်ခဲ့ရာ ဇန်နဝါရီ ၂၄ ရက် ည ၇ နာရီခန့်တွင် ရွှေဘိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ မြို့နယ်ရဲမှူး သန်းဇော်တို့ ဦးဆောင်သည့် ဧည့်စာရင်းစစ်ဆေးရေးအဖွဲ့သည် ရွှေဘိုမြို့ အမှတ် (၄) ရပ်ကွက်အတွင်း ဧည့်စာရင်းလိုက်လံ စစ်ဆေးခဲ့ကြောင်း၊ စစ်ဆေးစဉ် မောင်ကျော်မင်းခန့် အသက် ၂၄ နှစ် အဘ ဦးကိုကိုလေး ကျောက်မြစ်ကျေးရွာနေ ထိုင်သူသည် ဧည့်စာရင်းတိုင်ကြားထားခြင်းမရှိဘဲ ရောက်ရှိနေထိုင်လျက်ရှိသဖြင့် ပြည်သူ့စစ်မှုထမ်း စာရင်းသွင်းမည်ဟုဆိုကာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ဆောင်သွားခဲ့ကြောင်း၊ ထို့နောက် မောင်ကျော်မင်းခန့်၏ မိဘများထံသို့ ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးမှ အငယ်တန်းစာရေး သူရိန်ညွန့်က ငွေကျပ်သိန်း ၁၃၀ ပေးပါက မောင်ကျော်မင်းခန့် အစားအခြားသူတစ်ဦးအား လူစားလဲလှယ်ပေးမည်ဟု ဆက်သွယ်ပြောဆိုလာခဲ့သဖြင့် ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၃ နာရီခန့်တွင် မောင်ကျော်မင်းခန့်၏ ဖခင်ဖြစ်သူ ဦးကိုကိုလေးက သွားရောက်ပေးဆောင်ခဲ့ရကြောင်း သိရှိရသည်။

ဆက်လက်စိစစ်ဖော်ထုတ်ချက်များအရ အဆိုပါ ငွေကျပ်သိန်း ၁၃၀ အား ရွှေဘိုမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဇော်က ၂၅ သိန်း၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ အကြီးတန်းစာရေး ကျော်ခိုင်လတ်က ၂၅ သိန်း၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးမှ အငယ်တန်းစာရေး သူရိန်ညွန့်က သိန်း ၃၀၊ မောင်ကျော်မင်းခန့်အစား လူစားထိုးလဲလှယ်မည့် ရွှေဘိုမြို့ အမှတ်(၁၀)ရပ်ကွက်တွင် နေထိုင်သူ သန်းစိုးထိုက်က သိန်း ၅၀ စသည်ဖြင့် အသီးသီးခွဲယူခဲ့ကြကြောင်း ဖော်ထုတ်ရရှိခဲ့သည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှုနှင့်ပတ်သက်၍ ငွေကြေးများ တောင်းခံခဲ့ကြသူများအား တွေ့မြင်ရစဉ်။



ရဲမှူး သန်းဇော်



အကြီးတန်းစာရေးကျော်ခိုင်လတ်



အငယ်တန်းစာရေး သူရိန်ညွန့်

## ပြန်လည်ပေးအပ်

ဖြစ်စဉ်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို အလွဲသုံးစားပြုလုပ်၍ ငွေကြေးရယူ ဆောင်ရွက်ခဲ့ကြသူများအား တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၎င်းတို့ရယူခဲ့ကြသည့် ငွေကျပ်သိန်း ၁၃၀ ကိုလည်း မောင်ကျော်မင်းခန့်၏ မိသားစုများထံသို့ သက်ဆိုင်ရာ တာဝန်ရှိသူများက ဇန်နဝါရီ ၂၆ ရက် ည ၉ နာရီခွဲတွင် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် ပြည်သူ့စစ်မှုထမ်းများအား ဆင့်ခေါ်ရာတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေသတ်မှတ်ချက်များအတိုင်းသာ ဆင့်ခေါ်သွားရန်နှင့် ငွေကြေးများ တောင်းခံခြင်း၊ လူစားထိုးလဲလှယ်ခြင်းများ မရှိစေရေး တာဝန်ရှိသူများက အသိပညာပေးမှုများကိုဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့်လည်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှုနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ဆင့်ခေါ်မှုမရှိပါက သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်သွယ်သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်ပါရန် အသိပေး သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

# မတ္တရာမြို့နယ် စကျင်ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူသုံးဦး ထိခိုက်ဒဏ်ရာရပြီး လူနေအိမ်တချို့ ပျက်စီးခဲ့သည်ဟု မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၇

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စကျင်ရွာကို ဇန်နဝါရီ ၂၆ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူ သုံးဦး ထိခိုက်ဒဏ်ရာရပြီး လူနေအိမ်တချို့ ပျက်စီးခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းဒေသအတွင်း အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်မှု မရှိစေရေးနှင့် ပြည်သူ့ဘဝ လုံခြုံရေးအတွက် လိုအပ်သည့်နယ်မြေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေး လုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ကျေးရွာများအတွင်းသို့ အကြောင်းမဲ့ တစ်စုံတစ်ရာ ပစ်ခတ်ခဲ့မှုမရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ၎င်းတို့အပေါ် အားပေးထောက်ခံမှုမရှိသည့် ကျေးရွာများအား အကြောက်တရား လွှမ်းမိုးစေရန် ကျေးရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများ လုပ်ဆောင်လျက်ရှိရာ လူနေအိမ်များ ပျက်စီးပြီး အပြစ်မဲ့အရပ်သား ပြည်သူများ သေဆုံး၊ ထိခိုက်၊ ဒဏ်ရာရရှိမှုများလည်း ရှိကြောင်း၊ ထိုသို့ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားလာစေရန် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်တွင် မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်-ရန်ကုန် ကားလမ်းပေါ်၌ ခရီးသည်တင်မှန်လုံယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွား

ပြည် ဇန်နဝါရီ ၂၇

ပြည်မြို့ နဝဒေးနယ်မြေအတွင်း၌ ယနေ့မွန်းလွဲ ၃နာရီ မိနစ် ၅၀ ခန့်က ရန်ကုန်-ပြည်-ပေါက်ခေါင်း ပြေးဆွဲသည့် ဘုန်းမြတ်ပိုင် ခရီးသည်တင်မှန်လုံယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါခရီးသည်တင်ယာဉ်သည် ရန်ကုန်မှ ပြည်သို့ မောင်းနှင်လာစဉ် ပြည်-ရန်ကုန် ကားလမ်း မိုင်တိုင်အမှတ်(၁၇၇/၁)အနီး၌ အဲကွန်းကွန်ပရက်ဆာအပူလွန်ကဲရာမှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကို ပြည်မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့ပေါ်အရန်မီးသတ်စခန်းများမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ၁၃ စီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် တာဝန်ရှိသူများ၊ လူမှုကူညီရေးအသင်းများနှင့်အတူ ငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းနိုင်ခဲ့သည်။

မီးလောင်မှုကြောင့် ကားတစ်စီးလုံး မီးလောင်ကျွမ်းပျက်စီးဆုံးရှုံးခဲ့ပြီး ခရီးသည်များ ထိခိုက်မှုမရှိကြောင်းနှင့် ယာဉ်မောင်းဖြစ်သူအား ပြည်မြို့ အမှတ်(၂)ရဲစခန်းမှ တာဝန်ရှိသူများက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) တို့ ဖျာပုံမြို့နယ် ဓမင်းဆိပ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၇

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံ ရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု) တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့် အထူးကုဆေးအဖွဲ့သည် ဖျာပုံခရိုင် ဖျာပုံမြို့နယ် ဓမင်းဆိပ်ကျေးရွာ ဆုတောင်းပြည့် အဋ္ဌာဝါဦးစေတီတော်မြတ်တွင် အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၅၂ ဦးအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၉၁ ဦး၊ ခွဲစိတ်ရောဂါ ၁၈ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၁ ဦး၊ ကလေးရောဂါ ၅၀၊ အရိုးရောဂါ ၁၄၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၂ ဦး၊ မျက်စိရောဂါ ၁၄၆ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၁ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ကိုးဦး၊ မျက်စိခွဲစိတ်လူနာ တစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၇ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၁၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၀ တို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုယခုကဲ့သို့ကြားသိခဲ့ရပါသည်။









သမီးလုပ်သူကတော့ အမေဆေးခန်းသွားပြပါ။ ကိုယ်သွားပြလို့ရှိရင် လက်ထဲမှာ ပိုက်ဆံက တစ်ပြားမှ မရှိဘူးလေ။ မရှိတဲ့အတွက်ကြောင့် ကျွန်မလည်း သွားမပြဘဲနဲ့ ဝေဒနာကိုပဲ ခံစားရပါတယ်။ အခုလို ဆရာတို့ သဘောလာတဲ့အတွက် ကြားကြားချင်းပဲ အလွန်ကိုဝမ်းသာရပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ မျက်စိခွဲပြီးတော့ မြင်ရတာလည်း ကြည်လင်သွားတဲ့အတွက် အင်မတန် ဝမ်းသာပါတယ်။ အိပ်ရာဝင်တိုင်း ဝင်တိုင်းမှာ ဆေးကုသပေးတဲ့ ဆရာတွေအကုန်လုံးကို ဆုတောင်းပေးပါတယ်။ ကျန်းမာပါစေ ချမ်းသာပါစေ။

ကျွန်တော်က ဂေါက်ရောဂါဖြစ်တာပါ။ အရိုးအဆစ်တွေမှာ ဘုတွေ ထွက်တာပါ အဲ့တာကို လာခွဲတာပါ။ မတည့်တဲ့ အစားအစာတွေ ရှောင်ပေးပါတဲ့။ ကျွန်တော်တို့ ကျေးရွာမှာလည်း တိုက်နယ် ဆေးရုံရှိတယ်။ ကျွန်တော် ခွဲမလို့ပါပဲ။ ဆရာဝန်က ပြောင်းသွားလို့ ကျွန်တော် မခွဲရတော့ဘူး။ အခုလို ကျွန်တော် ရန်ကုန်ကို သွားခွဲရမှာဆိုတော့ ကိုယ်သွားချင်တဲ့အချိန် သွားလို့မရဘူး။ အဖော်တစ်ယောက်ပါမှလေ ကျွန်တော့်မှာက နောက်က လိုက်ပေးမယ့်သူ မရှိဘူး။ အခုလို နယ်လှည့် ဆေးလာကုသပေးတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။ ခွဲစိတ်ပေးတဲ့အတွက်လည်း အထူးပဲဝမ်းသာပီတိဖြစ်ပါတယ်။ ပါရဂူတွေ စုံလင်စွာပါတဲ့အတွက် အများပြည်သူတွေလည်း ဆေးကုသခွင့်ရလို့ သူတို့ကိုယ်စား ဝမ်းသာပီတိဖြစ်မိပါတယ်။

သတင်းစဉ်

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကော့သောင်းမြို့ ဇာဒက်ကြီးကျွန်းနှင့် အနီးဝန်းကျင်မှဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၇

တနင်္သာရီ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့် အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကော့သောင်းမြို့ ဇာဒက်ကြီးကျွန်းရှိ ဓမ္မကာရာမတပ်ဦးကျောင်း ဆလုံဘိုးဘွားရိပ်သာ၌ အခြေပြု၍ ဇာဒက်ကြီးကျွန်းနှင့် အနီးဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၉၈ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။









ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၃၃ ဦး၊ ခွဲစိတ်ရောဂါ ၁၁ ဦး၊ သားဖွား/မီးယပ်ရောဂါငါးဦး၊ကလေးရောဂါငါးဦး၊ အရိုးရောဂါ ရှစ်ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါငါးဦး၊ မျက်စိရောဂါ ၁၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် ဓာတ်မှန်ရိုက်လူနာရှစ်ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ကိုးဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ လေးဦးတို့ကို ရောဂါရှာဖွေ စမ်းသပ် ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံ တက်ရောက်ကုသရန် လိုအပ်သည့်လူနာနှစ်ဦးတို့ကို နီးစပ်ရာ တပ်မတော် ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရပါသည်။

ရောဂါတစ်ခုခုဖြစ်ပြီ ဆိုလို့ရှိရင် သွားရလာရတာ အဆင်မပြေပါဘူးရှင့်။ လှေဆိုတာလည်း ရှိမှသွားရတယ်၊ လှေတောင်မှပဲ အခက်အခဲရှိပါတယ်။ ဒါပေမဲ့ အခုလိုမျိုး လာပြီးကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင့်။ သမီးတို့အတွက်ကတော့ ပျော်လည်းပျော်ပါတယ်၊ ပီတိလည်း ဖြစ်ပါတယ်။ အခက်အခဲတွေကြားထဲမှာ အခုလိုမျိုးလာပြီး ကုသပေးတဲ့အတွက် အလွန်ကိုပဲ ကျေးဇူးတင်ပါတယ်။

ကလေးရဲ့ အနေအထားမှန်တယ်လို့လည်း ပြောပါတယ်။ ဒီမှာပြရတာလည်း အဆင်ပြေပါတယ်။ သမီးတို့အနေနဲ့ ကော့သောင်း တစ်ခါတက်ဖို့ အရေးကလည်း မလွယ်ပါဘူး။ အခုလို ဆေးသင်္ဘော လာရောက်ကုသပေးတဲ့အတွက် သမီးတို့အနေနဲ့ အကုန်လုံးအဆင်ပြေသွားပါတယ်။ OG ဆရာမကတော်တော် စိတ်ရှည်ပါတယ်။ ကလေး အနေအထားတွေ အကုန်လုံး ရှင်းပြပါတယ်။ နှစ်တိုင်းလည်း လာနိုင်ပါစေလို့ ဆုတောင်းပါတယ်။

သတင်းစဉ်

**တစ်လှေတည်းစီး တစ်ခရီးတည်းသွား တစ်စိတ်တည်းတစ်ဝမ်းတည်း မကွဲပြား ပြည်ထောင်စုရဲ့ နှလုံးသား**

# နိုင်ငံတကာ အားကစား သတင်းများ

## 2025 Dallas Open တင်းနစ်ပြိုင်ပွဲ ဖေဖော်ဝါရီ ၃ရက်တွင် စတင်မည်

**ဝါရှင်တန် ဇန်နဝါရီ ၂၇**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Dallas Open တင်းနစ်ပြိုင်ပွဲလာမည့် ဖေဖော်ဝါရီ ၃ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2025 Dallas Open တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ရက်မှ ၁၀ရက်အထိ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2025 Dallas Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော်တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။



Dallas Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ အမေရိကန်တင်းနစ်ကစားသမား Tommy Paul ဖြစ်သည်။

(အပေါ်ပုံ)(NGB)



## နည်းပြ ပိုစတီကိုဂလူအား နည်းပြရာထူးမှ ထုတ်ပယ်ပေးရန် စပါးအသင်းထံ ပရိသတ်များတောင်းဆို

**လန်ဒန် ဇန်နဝါရီ ၂၇**

စပါးအသင်းပရိသတ်များသည် လက်ရှိအချိန် အသင်းရလဒ်များအလွန်ဆိုးရွားနေခြင်းကြောင့် နည်းပြ ပိုစတီကိုဂလူးအား နည်းပြရာထူးမှထုတ်ပယ်ပေးရန် အသင်းထံ တောင်းဆိုမှုများပြုလုပ်ခဲ့ကြသည်။

စပါးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၂၃ပွဲကစားအပြီးတွင် ရမှတ် ၂၄မှတ်ဖြင့် အဆင့် ၁၅နေရာတွင် ရပ်တည်ပြီး ရလဒ်များအလွန်ဆိုးရွားခြင်းကြောင့် နည်းပြ ပိုစတီကိုဂလူအား နည်းပြရာထူးမှ ထုတ်ပယ်ပေးရန် အသင်းပရိသတ်များက တောင်းဆိုလာကြခြင်းဖြစ်သည်။

နည်းပြ ပိုစတီကိုဂလူသည် စပါးအသင်းအား ၂၀၂၃ခုနှစ် ဇွန်လက စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၇၆ပွဲတွင် ၃၇ပွဲနိုင်၊ ၁၂ပွဲသရေ၊ ၂၇ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ထို့ကြောင့် စပါးအသင်းအနေဖြင့် အသင်းပရိသတ်များ တောင်းဆိုထားသည့်အတိုင်း နည်းပြ ပိုစတီကိုဂလူအား အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (အပေါ်ပုံ)(NGB)

## ဝက်စ်ကင်း အက်စတွန်ဗီလာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲ ၂၀၀ပြည့်မြောက်

**လန်ဒန် ဇန်နဝါရီ ၂၇**

တိုက်စစ်မှူး ဝက်စ်ကင်း အက်စတွန်ဗီလာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲ ၂၀၀ ပြည့်မြောက်သည့် မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် အက်စတွန်ဗီလာအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဝက်စ်ကင်းသည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၂၀၀ကစားပြီး ဂိုး ၈၀ထိ သွင်းယူထားသည်။

အက်စတွန်ဗီလာအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၂၃ပွဲကစားအပြီးတွင် ရမှတ် ၃၇မှတ်ဖြင့် အဆင့် ၈နေရာတွင် ရပ်တည်လျက်ရှိသည်။ (အောက်ပုံ)

(NGB)




## အန်တိုနီ ဘက်တစ်အသင်းတွင် ကျောနံပါတ် ၁၇ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**မက်ဒရစ် ဇန်နဝါရီ ၂၇**

တောင်ပံတိုက်စစ်ကစားသမား အန်တိုနီ ဘက်တစ်အသင်းတွင် ကျောနံပါတ် ၁၇ ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ တောင်ပံတိုက်စစ်ကစားသမားသည် လက်ရှိအပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် မန်ချက်စတာယူနိုက်တက်အသင်းမှ ဘက်တစ်အသင်းသို့ ယခုနှစ်ရာသီကုန်အထိ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

တောင်ပံတိုက်စစ်ကစားသမား အန်တိုနီသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၆ပွဲကစားပြီး ၁၂ဂိုး သွင်းယူကာ ခြေစွမ်းပြထားခြင်းကြောင့် ဘက်တစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဘက်တစ်အသင်းထုတ်ပြန်ချက်တွင် "အန်တိုနီ ကျောနံပါတ် ၁၇ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ သူ့အနေနဲ့လည်း အသင်းကို ရလဒ်ကောင်းတွေ ရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။ (အောက်ပုံ)(NGB)



## ဗန်ဒိုက် လီဗာပူးအသင်းကစားသမားဘဝ ပြိုင်ပွဲစုံ ပွဲ ၃၀၀ ပြည့်မြောက်

**လီဗာပူး ဇန်နဝါရီ ၂၇**

နောက်ခံကစားသမား ဗန်ဒိုက် လီဗာပူးအသင်းကစားသမားဘဝ ပြိုင်ပွဲစုံ ပွဲ ၃၀၀ ပြည့်မြောက်သည့် စံချိန်မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လီဗာပူးအသင်းက အစ်ဆွစ်ချ်အသင်းအား လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ဗန်ဒိုက်သည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၃၀၀ကစားပြီး ၂၅ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဗန်ဒိုက်က "ကျွန်တော် အခုလို အသင်းကစားသမားဘဝ ပြိုင်ပွဲစုံ ပွဲ ၃၀၀ ပြည့်မြောက်သည့် မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေနဲ့ ယခုနှစ်ဘောလုံးရာသီမှာ အသင်းနှင့်အတူ ချန်ပီယံဆုရယူနိုင်ဖို့ ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (အောက်ပုံ)(NGB)




## ရီးရဲလ်မက်ဒရစ်အသင်းသမိုင်းတစ်လျှောက် စတုတ္ထမြောက်အမြန်ဆုံး ဟက်ထရစ်ရှင်အဖြစ် ဘာပေမှတ်တမ်းဝင်



**မက်ဒရစ် ဇန်နဝါရီ ၂၇**

ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး ဘာပေသည် နစ္စတယ်ရှိုင်း၊ ဂါရတ်ဘေးလ်၊ အဒီဘာယောတို့နောက်ပိုင်း အသင်းသမိုင်းတစ်လျှောက် စတုတ္ထမြောက်အမြန်ဆုံး လာလီဂါဟက်ထရစ်ရှင်အဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် စပိန်လာလီဂါပွဲစဉ်အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းက ဗယ်လာဒိုးလစ် အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန်သွင်းဂိုးသုံးဂိုးစလုံး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တိုက်စစ်မှူး ဘာပေသည် ယခုနှစ်ဘောလုံးရာသီတွင်လည်း ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၂ပွဲကစားပြီး ၂၂ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဘာပေက "ကျွန်တော် အခုလို စံချိန်မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ ယခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါချန်ပီယံဆုကြီးလည်း ရယူသွားမှာပါ"ဟု ပြောသည်။

(အပေါ်ဝဲပုံ)

(NGB)

## ဝိုင်နယ်လ်ဒမ်အား ခေါ်ယူရန် မိုနာကိုအသင်း စီစဉ်

**ပါရီ ဇန်နဝါရီ ၂၇**

မိုနာကိုအသင်းသည် အယ်လ်အစ်တီဖတ်အသင်း ကွင်းလယ်ကစားသမား ဝိုင်နယ်လ်ဒမ်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၄)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အယ်လ်အစ်တီဖတ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၃ပွဲကစားပြီး ၁၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မိုနာကိုအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဝိုင်နယ်လ်ဒမ်ကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် အယ်လ်အစ်တီဖတ် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်လျက်ရှိနေသည်။

ထို့ကြောင့် မိုနာကိုအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် အယ်လ်အစ်တီဖတ်အသင်းထံမှ ဝိုင်နယ်လ်ဒမ်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)

(NGB)



### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၇)ပွဲကျန်ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲရလဒ်) | ယှဉ်ပြိုင်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၉-၁-၂၀၂၅<br>နံနက် ၀၂:၁၅နာရီ | (၂၁)ပိုင်မောက်ဖ် – ပီဇဝိလ်(၁၆)<br>(L,L,W,W,L) (L,D,L,D,W) | ပိုင်မောက်ဖ် ၀-၁ ပီဇဝိလ<br>ပီဇဝိလ် ၁-၀ ပိုင်မောက်ဖ် | ပိုင်မောက်ဖ်(အိမ်) | ၁၃ | ၆ | ၄ | ၃ | ၂၂ | ၁၃ |
| | | | ပီဇဝိလ်(ဧည့်) | ၁၃ | ၂ | ၇ | ၄ | ၁၁ | ၁၃ |

### ၂၀၂၄-၂၀၂၅ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၇) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယှဉ်ပြိုင်ရလဒ် |
|---|---|---|---|
| ၂၈-၁-၂၀၂၅<br>အင်္ဂါနေ့ | ညနေ၄:၀၀နာရီ<br>(သုဝဏ္ဏကွင်း) | (၈)ဒဂုံပို – ဟံသာဝတီ(၃)<br>(ဟံသာဝတီ ၄-၃ ဒဂုံပို) | ——— |

## အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ လည်ပတ်ဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှုအားပေး

**မန္တလေး ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး အတွင်း အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားပေးမြှင့်တင် ဆောင်ရွက် လျက်ရှိရာ ဇန်နဝါရီ ၂၆ ရက်က ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးကျော်မင်းညို၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်း လှိုင်တင့်၊ အသေးစား စက်မှု လက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင် ဦးစီးမှူးနှင့် မြို့နယ်အဆင့်ဌာန ဆိုင်ရာများပူးပေါင်း၍ ညောင်ဦး မြို့နယ်အတွင်း အသေးစား၊ အငယ်စား၊ အလတ်စား စီးပွား ရေးလုပ်ငန်းများဖြစ်သော ယွန်း ထည်လုပ်ငန်း၊ မုန့်မျိုးစုံလုပ်ငန်း၊ သမဝါယမအသင်းစုပိုင် အနော် ရထာ ဆီစက်တို့၏လုပ်ငန်းများ လည်ပတ်ဆောင်ရွက်မှု အခြေအနေ များ၊ ကုန်ကြမ်းရရှိမှု၊ စက်မှု လုပ်ငန်းသုံး ဆီများရရှိမှု၊ ဈေး ကွက် ချိတ်ဆက်ဆောင်ရွက်မှု အခြေအနေများအား ကွင်းဆင်း ကြည့်ရှုပြီး လုပ်ငန်းများ ပိုမို အောင်မြင်လာစေရန် လိုအပ်သည် များ ပံ့ပိုးပေးနိုင်ရေး ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ) (၀၄၅)



## ပထမအကြိမ် စိုက်ပျိုးရေးဒီပလိုမာ အပ်နှင်းသဘင် ကျင်းပ

**ဟုမ္မလင်း ဇန်နဝါရီ ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုး ရေးဦးစီးဌာန၊ ဝန်ထမ်းလေ့ကျင့် ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုး ရေးသိပ္ပံဌာနခွဲ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ဟုမ္မလင်း)၏ ပထမအကြိမ် စိုက်ပျိုးရေးဒီပလိုမာ အပ်နှင်းသဘင် အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက အဆိုပါ ကျောင်းခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ အဖွဲ့၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်က အဖွင့် အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်(အကြိုတန်း) တတိယနှစ်နှင့် တတိယနှစ် (အငယ်တန်း)များ၏ တန်းစဉ် ပေါင်းဆုများတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို စစ်ကိုင်း တိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်၊ ဟုမ္မလင်း တပ်နယ်မှ ဗိုလ်မှူးချုပ် မြတ်မင်း သန်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (စီမံ၊ စီမံကိန်းနှင့် ငွေစာရင်း)မှ ဦးထွန်း ထွန်းထွေးတို့က ဂုဏ်ပြုမှတ်တမ်း လွှာများအား အသီးသီးပေးအပ် ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် စိုက်ပျိုးရေး ဒီပလိုမာ အပ်နှင်းသဘင်အား ဆက်လက်ကျင်းပရာ ဟုမ္မလင်း စိုက်သိပ္ပံ ကျောင်းအုပ်ကြီး ဦးသန့်ဇင်က ပထမအကြိမ် စိုက် ပျိုးရေးဒီပလိုမာ ၄၂ ဦးအား အပ်နှင်းပေးနိုင်ခဲ့ကြောင်း သိရ သည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## ဆေးရုံပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၂၇**

မန္တလေး၊ ချမ်းမြသာစည် မြို့နယ်၊ ၆၂လမ်း၊ ၁၀၃လမ်းနှင့် ၁၀၄လမ်းကြားရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွင် တက္ကသိုလ် ပတ်ဝန်းကျင် အတွင်း၊ အပြင် သန့်ရှင်းသာယာလှပရေး၊ ဥပဓိရုပ် ကောင်းမွန်ရေးတို့အတွက် မန္တလေး တိုင်းဒေသကြီး အစိုးရအဖွဲ့ အစီ အစဉ်ဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၂၅ ရက် နံနက် ၇ နာရီက စတင် ဆောင်ရွက်ခဲ့သည်။

အဆိုပါစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုနေကို နယ်မြေခံတပ် နယ်မှဦးဆောင်၍ တပ်မတော် သားများ၊ ချမ်းမြသာစည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးထင်ဇော်ဦး၊ အဖွဲ့ဝင်(၁)ဗိုလ်မှူး ထွန်းဇံဖြူ၊ အဖွဲ့ဝင်(၂)ဦးတင်ထွန်း နှင့်ဝန်ထမ်းများ၊သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာကျော်သီဟနှင့် ဆရာ၊ ဆရာမများ၊ ရဲမှူးဇော်ဝင်းကျော် နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မန္တလေး မြို့တော် စည်ပင်သာယာရေး ကော်မတီ သန့်ရှင်းရေးဌာနနှင့် ပန်းဥယျာဉ်နှင့်ကစားကွင်းများ ဌာနမှ ဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်း မင်းစိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများ၊ စုစုပေါင်းအင်အား ၄၂၉ ဦးတို့ ဖြင့် တက္ကသိုလ် ပတ်ဝန်းကျင်ရှိ ချုံနွယ်ပိတ်ပေါင်းများ၊ အမှိုက် သရိုက်များ၊ သစ်ပင်သစ်ကိုင်း များနှင့်၊ ရေစီးရေလာကောင်းမွန် စေရေးအတွက် ရေမြောင်းများ ကို စုပေါင်းသန့်ရှင်းရေးဆောင် ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ချမ်းမြေ့



## ဒေသခံပြည်သူများ သောက်သုံးရေအဆင်ပြေစေရေး ဆိုလာစွမ်းအင်အသုံးပြု၍ ရေထောက်ပံ့ရေးစီမံကိန်း မြေအောက်ရေ(အဝီစိတွင်း) တူးဖော်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**မိတ္ထီလာ ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ဆူးရစ်တန်း ကျေးရွာရှိ ဒေသခံပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေး ဆိုလာစွမ်းအင်အသုံးပြု၍ ရေ ထောက်ပံ့ရေးစီမံကိန်း မြေ အောက်ရေ(အဝီစိတွင်း) တူးဖော် ခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီး ပြီဖြစ်ကြောင်း မြို့နယ်အပူပိုင်း ဒေသ စိမ်းလန်းစိုပြည်ရေးဦးစီး ဌာနမှ သိရသည်။

အိန္ဒိယသမ္မတနိုင်ငံအစိုးရ၏ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် မြန်ဆန်စွာ အကျိုးဖြစ်ထွန်း စေမည့်စီမံကိန်း(Quick Impace Projects- QIP)အရ မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသရှိ မိုးခေါင်ရေရှားမှု ကြုံတွေ့နေရ သည့် ကျေးရွာများ၌ ဆိုလာ စွမ်းအင်အသုံးပြု ရေထောက်ပံ့ ရေးစီမံကိန်း မြေအောက်ရေ (အဝီစိတွင်း)တူးဖော်ခြင်းလုပ်ငန်း အား မိတ္ထီလာမြို့နယ်၊ ဆူးရစ်တန်း ကျေးရွာတွင် ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် တင်ဒါ အောင်မြင်သည့် Stone Co;ltd မှ ငွေကျပ် ၅၂ ဒသမ ၂ သန်းဖြင့် အကျယ် ၄ လက်မ၊ အနက် ပေ ၅၀၀ ရှိ ရေတွင်းတူးဖော်ခြင်း လုပ်ငန်း၊ ဂါလန် ၂၅၀၀ ဆံ့ အုတ် ရေကန်တည်ဆောက်ခြင်းလုပ်ငန်း၊ 7.6 KW Solar System တပ် ဆင်ခြင်းလုပ်ငန်းအား ၂၀၂၄ခုနှစ် မေ ၁၇ ရက်က စတင်အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ရာ တစ် နာရီလျှင် ဂါလန် ၂၀၀၀ ထွက်ရှိ သည့် PH Level 7.3 ရှိ သောက် သုံးနိုင်သောရေရရှိခဲ့ကြောင်း မြို့နယ်အပူပိုင်းဒေသ စိမ်းလန်း စိုပြည်ရေးဦးစီးဌာနမှ မြို့နယ် ဦးစီးမှူး ဦးဝေယံဖြိုးထံက သိရ သည်။

အဆိုပါဆူးရစ်တန်းကျေးရွာ သည် မိတ္ထီလာမြို့နှင့် ၃၅ မိုင် အကွာ အိမ်ထောင်စု ၁၁၆ စု၊ လူဦးရေ ၅၆၀ ဦးရှိပြီး မြန်မာ နိုင်ငံအလယ်ပိုင်း အပူပိုင်းတွင် တည်ရှိသဖြင့် မိုးရွာသွန်းမှုအပေါ် အခြေခံ၍ စိုက်ပျိုးရေး၊ မွေးမြူ ရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက် ကြသော်လည်း ကျေးရွာတွင် သောက်သုံးရေအတွက် ရေချိုရရှိ နိုင်သည့် အဝီစိတွင်းများ မရှိ၍ ကျေးရွာရှိ ရွာသူ၊ ရွာသားများနှင့် ၎င်းတို့မွေးမြူထားသော တိရစ္ဆာန် များမှာ ကျေးရွာအနီးရှိ ရေကန် ငယ်နှစ်ကန်ကိုသာ အသုံးပြုနေ ကြရသည်။ အဆိုပါရေကန်ငယ် နှစ်ကန်မှ နွေရာသီတွင် ရေများ ခန်းခြောက်လာ၍ သောက်သုံးရေ အတွက် နှစ်စဉ်မြို့နယ်မှ သက် ဆိုင်ရာဌာနဆိုင်ရာများထံ တင်ပြ အကူအညီတောင်းခံနေရသည့် ကျေးရွာဖြစ်သည့်အတွက် မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ အိန္ဒိယသမ္မတနိုင်ငံ အစိုးရ၏ထောက်ပံ့ငွေဖြင့် ဆောင် ရွက်သည့် မြန်ဆန်စွာ အကျိုး ဖြစ်ထွန်းစေမည့်စီမံကိန်း (Quick Impace Projects- QIP) အရ ဆိုလာစွမ်းအင် အသုံးပြု ရေ ထောက်ပံ့ရေးစီမံကိန်း မြေအောက် ရေ (အဝီစိတွင်း) တူးဖော်ခြင်း လုပ်ငန်းအား ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။



(ဝဲပုံ) (၄၆၉)

## လူငယ်စကားဝိုင်း ကျင်းပ

**တောင်တွင်းကြီး ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံ ပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာ အထက် တန်းကျောင်း ပေလေးပင် ဘက်စုံ သုံးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တောင်တွင်းကြီး မြို့နယ်အခြေခံပညာဦးစီးဌာနမှ လက်ထောက်မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးအောင်ထွန်းကြိုင် နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ် ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့် တို့က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ် နှင့် ကျန်းမာရေး၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ လူငယ် နှင့် စာဖတ်ခြင်း ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ပြီး တက်ရောက်လာ သည့် ကျောင်းသား၊ ကျောင်းသူ များက မိမိတို့သိရှိလိုသည့် အကြောင်းအရာများကို မေးမြန်း ခဲ့ကြကာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မှ ခင်းကျင်းပြသထားသည့် လူငယ်ရေးရာအသိပညာပေး နံရံ ကပ်စာစောင်များကို တက်ရောက် လာသည့် ကျောင်းသား၊ ကျောင်း သူများက စိတ်ဝင်တစား လေ့လာ ကြည့်ရှုခဲ့ပြီး အဆိုပါစကားဝိုင်းသို့ ကျောင်းသား၊ ကျောင်းသူ ၂၅၀ ဦး တက်ရောက်ခဲ့ကြောင်း သိရ သည်။**နောင်နောင်(ဗိသနိုးမြေ)**



## စူဠာမုနိရုပ်ရှင်တော်မြတ်သို့ ဆွမ်းတော်တင်ခုံများနှင့် ရေကြည်တော်ကပ်ရန် ဖလား လှူဒါန်း

**မန္တလေး ဇန်နဝါရီ ၂၇**

မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ အတုမရှိကျောင်းတော်ကြီးအတွင်း၌ သီတင်းသုံးတော်မူလျက်ရှိသော စူဠာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ ဆွမ်းတော်တင်ခုံများနှင့် ရေကြည်တော်ဆက်ကပ်ရန် ဖလား လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျောင်းတော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင် မန္တလေးမြို့နေ သုဓမ္မမဏိဇောတဓရ ဦးမြင့်အောင်+သီရိသုဓမ္မသိင်္ဂီ ဒေါ်မြင့်မြင့်ရီ(အောင်မြင့်မိုရ်ဟိုတယ်နှင့် သာစည်ရောင်းဝယ်ရေး) မိသားစုတို့က ရုပ်ရှင်တော်မြတ်ကြီးသို့ ရေကြည်တော်ကပ်လှူရန် ရေကြည်တော် ကြေးဖလားကြီးနှင့်တကွ ဆွမ်းတော်ကပ်လှူရာတွင် အသုံးပြုရန် စတီးစားပွဲခုံ ၃ လုံးနှင့် ဂေါပကအဖွဲ့အသုံးပြုရန် စားပွဲခုံနှင့် ထိုင်ခုံ ၂ စုံစာတို့ကို လှူဒါန်းရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ ရုပ်ရှင်တော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်အောင်(ဂရိတ်စိန်)နှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူခဲ့သည်။ ယနေ့ လှူဒါန်းမှုအစုစု၏ တန်ဖိုးမှာ ငွေကျပ် ၂၀၁၅၀၀၀ ဖြစ်သည်။ စူဠာမုနိရုပ်ရှင်တော်မြတ်ကြီးတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနများအလိုက် နေ့စဉ်ဝတ်ရွတ်စဉ်များအတိုင်း ရွတ်ဖတ်ပူဇော်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## ၂၀၂၅ ခုနှစ်၊ (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား
## ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပမည်

(၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ၇၈ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်းနေရာတွင် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက်နေ့မှ (၁၄)ရက်နေ့ထိ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲတွင်

(၁) ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ
(၂) ပန်းအလှပင်ပြိုင်ပွဲ
(၃) ရာသီပန်းအလှပင်ပြိုင်ပွဲ
(၄) အရွက်အလှပင်ပြိုင်ပွဲ
(၅) ရွက်လှပင်ပြိုင်ပွဲ
(၆) ပြည်တွင်းသစ်ခွပြိုင်ပွဲ
(၇) ပြည်ပသစ်ခွပြိုင်ပွဲ(ကတ်တလီးယားပြိုင်ပွဲ)
(၈) ပြည်ပသစ်ခွ(စင်ဘီးဒီးယမ်းပြိုင်ပွဲ)
(၉) ပြည်ပသစ်ခွ(ဗန်ဒါပြိုင်ပွဲ)
(၁၀) နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ
(၁၁) ရှားဇောင်းပင်ပြိုင်ပွဲ
(၁၂) သက်ကြီးပုပင်(ဘွန်ဆိုင်း)ပြိုင်ပွဲ
(၁၃) အသီးပါသည့် အလှအပင်ပြိုင်ပွဲ
(၁၄) ဟင်းသီးဟင်းရွက် အရွက်ပြိုင်ပွဲ (ဥပမာ-မုန်ညင်းရွက်)
(၁၅) ဟင်းသီးဟင်းရွက် အထုပ်ပြိုင်ပွဲ (ဥပမာ-ဂေါ်ဖီထုပ်၊ ပန်းမုန်လာထုပ်)
(၁၆) ဟင်းသီးဟင်းရွက် အသီးပါအပင်ပြိုင်ပွဲ (ဥပမာ-ခရမ်း၊ ငရုတ်)
(၁၇) ဟင်းသီးဟင်းရွက် ဥပြိုင်ပွဲ (ဥပမာ-မုန်လာဥ)
(၁၈) သစ်သီးပြိုင်ပွဲ (ဥပမာ-သဘော်သီး၊ ဖရဲသီး)
(၁၉) ဟင်းသီးအသီး အလုံးလိုက်ပြိုင်ပွဲ (ဥပမာ-ဘူးသီး)
(၂၀) သစ်သီးဝလံအခိုင်လိုက်ပြိုင်ပွဲ (ဥပမာ-ငှက်ပျောခိုင်၊ အုန်းသီးခိုင်)
(၂၁) သစ်သီးဝလံဥပြိုင်ပွဲ(ဥပမာ-စိမ်းစားဥ၊ ကန်စွန်းဥ၊ ဝဥ၊ မျောက်ဥ)
(၂၂) ဟင်းသီးအသီးအနှံအတွဲလိုက်ပြိုင်ပွဲ (ဥပမာ-ခရမ်းချဉ်သီး)
(၂၃) သစ်သီးပုံဖော်အလှဆင်ခြင်းပြိုင်ပွဲ

ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု(၃)ဆု ချီးမြှင့်မည် ဖြစ်ပါသည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များအား ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်း ကွပ်ကဲရေးရုံးသို့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်နေ့ ရုံးချိန်အတွင်း ပေးပို့ရမည်။ ပန်းအလှပြုပြင်ခြင်းနှင့် သစ်သီးပုံဖော်အလှဆင်ခြင်း ပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်ပစ္စည်းများကို ဖေဖော်ဝါရီလ(၁၀)ရက်နေ့ နံနက်(၁၁)နာရီအထိ လက်ခံဆောင်ရွက်ပေးပါမည်။ အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ ဖုန်း (၀၉-၉၈၂၁၁၁၁၁၁၊ ၀၉-၂၅၉၀၈၀၇၅၇)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## မန္တလေးတက္ကသိုလ် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှု ကော်မတီစုံညီအစည်းအဝေးကျင်းပ၊ ကျန်းမာရေးစောင့်ရှောက်မှု ငွေပဒေသာပင်များ စိုက်ထူ

**မန္တလေး ဇန်နဝါရီ ၂၇**

မန္တလေးတက္ကသိုလ်ကန်တော့ခံ ဆရာကြီး၊ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီ စုံညီအစည်းအဝေးတွင် ၂၀၂၄ခုနှစ်အတွက် ငွေစာရင်းရှင်းတမ်း ဖတ်ကြားရှင်းလင်းခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု ငွေပဒေသာပင် စိုက်ထူပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီက မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ၅၃လမ်း၊ ၃၇ လမ်းနှင့်၃၈လမ်းကြားရှိ Hotel Hazel တွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတက္ကသိုလ် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများ ကျန်းမာရေးစောင့် ရှောက်မှုကော်မတီ နာယက ဦးမောင်ကိုက မှဒိတာစကားပြောကြားခြင်း၊ ဥက္ကဋ္ဌ ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာသီတာဝင်းက ကော်မတီသမိုင်းကြောင်းနှင့် လုပ်ဆောင်ခဲ့မှုများအား ပြောကြားခြင်း၊ ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာမောင်သင်းက မန္တလေးတက္ကသိုလ်နှစ်(၁၀၀) ပြည့်အထိမ်းအမှတ် (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပဆောင်ရွက်နိုင်ရေး အထွေထွေ လုပ်ဆောင်ရမည့် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးပြောကြားခြင်း၊ ဒုတိယဥက္ကဋ္ဌ ပါမောက္ခချုပ်(ငြိမ်း) ဦးပိုမြင့်မှ ကျန်းမာရေး စောင့်ရှောက်မှုကော်မတီ၏ ဆောင်ရွက်မှုများနှင့် မန္တလေးတက္ကသိုလ်နှစ်(၁၀၀)ပြည့်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်သင့်သည်များကိုလည်းကောင်း၊ နာယက မြန်မာစာဌာန ပါမောက္ခ၊ ဌာနမှူးက ကျန်းမာရေးစောင့်ရှောက်မှု ကော်မတီဝင်များကိုယ်စား ဝမ်းမြောက်ပီတိစကား ပြောကြားခြင်း၊ အတွင်းရေးမှူး ဦးစိုးလွင်က ကျန်းမာရေးစောင့်ရှောက်မှုကော်မတီ၏ ၂၀၂၄ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းအား တင်ပြခြင်းတို့ ဆောင်ရွက်သည်။

ဆက်လက်၍ မန္တလေးတက္ကသိုလ် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ နာယက ဦးမောင်ကိုနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများက ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းကြရာ နာယက ဦးတင်မောင်၊ ဥက္ကဋ္ဌ ဒေါက်တာသီတာဝင်း၊ ဘဏ္ဍာရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(၀၄၅)

၀-၀-၀-၀-၀

## အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ယနေ့ နံနက် ၇ နာရီတွင် အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းရွာ၊ ရွာလယ်ဓမ္မာရုံတွင် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးမည့် အစီအစဉ်များမှာ ဇန်နဝါရီ ၂၈ ရက်တွင် အောင်မြေသာစံမြို့နယ်၊ မြို့ပတ်လမ်းအနီး၊ နည်းပညာတက္ကသိုလ်ကျောင်းရှေ့တွင်လည်းကောင်း၊ ဇန်နဝါရီ ၂၉ရက်တွင် တရုတ်နှစ်သစ်ကူးရုံးပိတ်ရက်တွင် ရပ်နားပြီး ဇန်နဝါရီ ၃၁ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂ လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာ ဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။




မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူး ရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)(မန္တလေးနေ့စဉ်-၆)**

## အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် အသေးစားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအသစ်(၃)ခု ဆောင်ရွက်မည်




**မန္တလေး ဇန်နဝါရီ ၂၇**

ပြည်တွင်း၌ အသေးစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် စီမံကိန်းအသစ်(၃)ခုအတွက် ပံ့ပိုးကူညီမှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို ဇန်နဝါရီ ၂၁ ရက်က လက်မှတ်ရေးထိုးခဲ့ပြီး စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အိန္ဒိယသံရုံးထုတ်ပြန်ချက်မှ သိရသည်။

အဆိုပါ စီမံကိန်းအသစ်များကို ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းများဖြင့် ချိတ်ဆက်ထားသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ နှစ်နိုင်ငံ အသေးစားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း(SDPs) နားလည်မှုစာချွန်လွှာရေးထိုးခဲ့ခြင်းဖြစ်သည်။

"မြန်မာဘက်က လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နဲ့ အိန္ဒိယသံရုံး ဒုတိယတာဝန်ရှိသူ Shri Ashish Sharma တို့ နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့ပါတယ်။ အိန္ဒိယအစိုးရအနေနဲ့ မြန်မာနိုင်ငံမှာ အကျိုးသက်ရောက်မှုမြင့်မားတဲ့ ရပ်ရွာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံအဆောက်အအုံတွေကို ပံ့ပိုးကူညီဖို့ ဖြစ်တယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

စီမံကိန်း(၂)ခုတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး(၁၀)ခုမှ Home Science School၌ အသက်မွေးဝမ်းကျောင်းသင်တန်းနှင့် စာသင်ခန်းဆိုင်ရာ အခြေခံအဆောက်အအုံများ ပံ့ပိုးခြင်းတို့ ပါဝင်ပြီး စီမံကိန်းများကို ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ ပုသိမ်၊ လွှာင်၊ စစ်တွေ၊ ဟားခါးနှင့် ထားဝယ်စသည့် မြို့ကြီးများ၌ ဆောင်ရွက်မည်ဖြစ်သည်။

တတိယစီမံကိန်းမှာ ရန်ကုန်၊ မန္တလေး၊ ကချင်၊ ရှမ်းနှင့် ကရင်ပြည်နယ် စသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး ၅ ခုတွင် မူးယစ်ဆေးစွဲခဲ့သူများ ပြန်လည်ထူထောင်ရေးအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ခြင်းနှင့် သင်ကြားရေးအထောက်အကူများ ပေးအပ်ခြင်းတို့ကို အဓိကထားဆောင်ရွက်မည်ဖြစ်သည်။

ထို့အပြင် အသေးစားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းမှုဘောင်အရ အိန္ဒိယနိုင်ငံအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ရှိ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး အဆင့်မြှင့်တင်ရေး၊ ရခိုင်ပြည်နယ်သို့ ထွန်စက်များနှင့် စပါးရိတ်သိမ်းစက်များ ထောက်ပံ့ခြင်းအပြင် စစ်တွေကွန်ပျူတာတက္ကသိုလ်အတွက် ကွန်ပျူတာများထောက်ပံ့ခြင်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၉)

*-*-*-*-*-*-*

**ပလတ်စတစ်**
**ညစ်ညမ်းမှုကို**
**တိုက်ဖျက်ကြစို့ ။**

## အကျဉ်းထောင်အာဏာပိုင်များက လုံလောက်ကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးထားနိုင်ခြင်းမရှိကြောင်း မဟုတ်မမှန် လုပ်ကြံသတင်းရေးသား ဖြန့်ဝေခဲ့

**နေပြည်တော် ဇန်နဝါရီ ၂၇**

မန္တလေးမြို့ အိုးဘိုအကျဉ်းထောင်တွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသော်လည်း အကျဉ်းထောင် အာဏာပိုင်များက လုံလောက် ကောင်းမွန်သည့် ကျန်းမာရေး စောင့်ရှောက်မှုများ ပေးထားနိုင်ခြင်းမရှိဘဲ ထောင်တွင်း ကျွေးမွေးသည့် ပဲဟင်းနှင့် ထမင်းသည် ယခုနှစ် ဇန်နဝါရီ ဒုတိယအပတ်မှစ၍ မာသည့်အခါမာ၊ ပျော့သည့်အခါပျော့နေသဖြင့် အစာအိမ်ရောဂါအခံရှိသူများ ဗိုက်အောင့်ဝေဒနာခံစားနေကြရပြီး ထမင်းစားရသည်မှာ အဆင်မပြေ ဖြစ်နေသည်ကို တင်ပြသော်လည်း အကျဉ်းထောင်ဘက်က တင်ပြပြောဆိုချက်များကို လက်မခံကြောင်း Khit Thit Media အမည်ခံ Facebook Page က မဟုတ်မမှန်လုပ်ကြံ သတင်းရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မန္တလေး ဗဟိုအကျဉ်းထောင်တွင် ယခုနှစ် ဇန်နဝါရီလအတွင်း ဝမ်းဗိုက်ရောဂါနှင့်ပတ်သက်၍ အကျဉ်းထောင်ဆေးရုံ ပြင်ပလူနာဌာနသို့ လာရောက်ပြသသူ အကျဉ်းသားသုံးဦး၊ အကျဉ်းသူတစ်ဦးသာရှိပြီး မှတ်တမ်းများအရ ပြီးခဲ့သည့်လများက ဝမ်းဗိုက်ရောဂါနှင့် ဆေးရုံပြသသူ ပျမ်းမျှခုနစ်ဦးခန့်သာ ရှိကြောင်း၊ ဇန်နဝါရီ ၂၃ ရက်အထိ ဝမ်းပျက်ဝမ်းလျှော ရောဂါနှင့်ပတ်သက်၍ ဆေးဝါးကုသပေးရသည့် အကျဉ်းသား အကျဉ်းသူ တစ်ဦးမျှမရှိကြောင်း အကျဉ်းထောင် တာဝန်ရှိသူက ရှင်းလင်းပြောကြားသည်။

ထို့ပြင် မန္တလေး ဗဟိုအကျဉ်းထောင်၌ ချက်ပြုတ်ပြီးသော ထမင်း၊ ဟင်းလျာများကို အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများထံသို့ မကျွေးမွေးမီ တာဝန်ရှိသူအဆင့်ဆင့်က စစ်ဆေးပြီး အိပ်ဆောင်များသို့ အဖုံးပါသော စတီးအိုးများဖြင့် ဖြန့်ဝေပေးကြောင်း၊ ထမင်းနှင့်ဟင်းများ သန့်ရှင်းလတ်ဆတ်မှု ရှိစေရေး၊ ခြင်/ယင် ပိုးမွှားများ မနားစေရေးတို့ကို စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အကယ်၍ စားသောက်မှု အဆင်မပြေမှုရှိပါက သတင်းပို့ခွင့်ရှိပြီး သတင်းပို့လာပါကလည်း ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကာ ယနေ့အချိန်ထိ ကျွေးမွေးသော ထမင်းနှင့်ပဲဟင်းများ အဆင်မပြေမှုနှင့်ပတ်သက်၍ တင်ပြမှုမရှိသည့်အတွက် Khit Thit Media အမည်ခံ Facebook Page က ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာ ဖြစ်ကြောင်း သိရသည်။

သစ္စာ



## တစ်ပိုင်တစ်နိုင် မေမြို့ပန်းစိုက်ပျိုးရောင်းချသူများ အောင်မြင်ဖြစ်ထွန်း၍ သီးနှံဝင်ငွေအကျိုးအမြတ်ရရှိ

**ပွင့်ဖြူ ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းရာသီတွင် မုန်းချောင်းရေနှင့်မြေအောက်ရေတို့ဖြင့် တစ်ပိုင်တစ်နိုင် မေမြို့ပန်း(ချင်းမိုင်မျိုး)စိုက်ပျိုးလုပ်ကိုင်ကြသူများ အောင်မြင်ဖြစ်ထွန်းမှုရှိပြီး သီးနှံဝင်ငွေအကျိုးအမြတ်ရရှိ၍ လုပ်ငန်းအဆင်ပြေလျက်ရှိသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများသည် မိသားစုဝင်ငွေတိုးပွားစေရေးအတွက် မုန်းချောင်းရေနှင့် မြေအောက်ရေတို့ကို စနစ်တကျ အသုံးချပြီး ဘုရားပန်းမျိုးစုံ စိုက်ပျိုးရေးလုပ်ငန်းကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရောင်းချကြကြောင်း၊ အဓိကစိုက်ပျိုးသည့် ဘုရားပန်းများမှာ ဂန္ဓမာပန်း၊ ကုံကော်ပန်း၊ နှင်းဆီပန်း၊ သစ္စာပန်း၊ နှင်းပန်း၊ စံပယ်ပန်း၊ သပြေပန်းမျိုးစုံနှင့် မေမြို့ပန်း(ချင်းမိုင်မျိုး)စသည့် ပန်းများကို အားထားစိုက်ပျိုးရောင်းချကြသည်။

"ဒီနှစ် ဆောင်းရာသီမှာ မေမြို့ပန်း(ချင်းမိုင်မျိုး) ဘုရားပန်းစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြတဲ့ တောင်သူတွေ အောင်မြင်ဖြစ်ထွန်းပြီး ဘုရားပန်းများ ချိုးယူရောင်းချရ၍ သီးနှံဝင်ငွေ အကျိုးအမြတ် ရရှိနေကြတယ်။ မေမြို့ပန်း(ချင်းမိုင်မျိုး)က တစ်ပင်ကို ငွေကျပ် ၁၀၀ ဝယ်ယူစိုက်ပျိုးရပါတယ်။ပန်းစိုက်ပျိုးနည်းကတော့ ပန်းမစိုက်မီမြေများကို ထယ်ရေးညက်အောင် ထွန်ယက်ပြီး မြေဩဇာ၊ သဘာဝမြေဆွေး၊ သစ်ရွက်မြေဆွေးတို့ကို ရောနှော၍ မြေဆီလွှာကောင်းမွန်အောင် ပြုလုပ်ပေးကာ မြေအစိုဓာတ်ရအောင် ရေလောင်းပေးထားရပါမယ်။ မြေအစိုဓာတ်သုံး၊ လေးရက်လောက်နှပ်ထားပြီးရင် စတင်စိုက်ပျိုးလို့ရပါပြီ။ စိုက်ပျိုးပြီး နှစ်လခန့် ကြာပါက ဘုရားပန်းများကို စတင်ချိုးယူရောင်းချလို့ရပါပြီ။ စိုက်ပျိုးရေအဆင်ပြေတဲ့အတွက် ဒေသခံတောင်သူအများစုက စိုက်ပျိုးမြေအပြင် မိမိတို့ရဲ့ နေအိမ်ဝိုင်းမြေကွက်လပ်တွေမှာ ဘုရားပန်းစိုက်ပျိုးရေးနဲ့ ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးလုပ်ငန်းများကို သီးနှံ့အပိုဝင်ငွေတိုးပွားရေးအတွက် စိုက်ပျိုးရောင်းချကြပါတယ်"ဟု ပွင့်ဖြူမြို့နယ် ရွာသစ်ကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာအုပ်စု ယခုနှစ်အောင်မြင်ဖြစ်ထွန်း၍ ဘုရားပန်းများမှာ လတ်ဆတ်မှုရှိပြီး တာရှည်ခံသည့်အတွက် ဒေသခံပြည်သူများက အကြိုက်တွေ့ဝယ်ယူကြသည့်အပြင် မင်းဘူး၊ စလင်း၊ မကွေးများသို့ တင်ပို့ရောင်းချနေရသဖြင့် သီးနှံ့ဝင်ငွေအကျိုးအမြတ်ရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိနေကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၄၄၅)**

## ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၈၂၃ ဒသမ ၅၀ သိန်းကို ထုတ်ချေးပြီးစီး

**ငဖဲ ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများထံ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက ပင်ဦးကျေးရွာအုပ်စုမှ တောင်သူ ၁၀၁ ဦးအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို ဆက်လက်ထုတ်ချေးပေးခဲ့ပြီး ယနေ့အထိ ချေးငွေပေါင်း ၁၈၂၃ ဒသမ ၅၀ သိန်းကို အပြီးသတ်ထုတ်ချေးပြီးစီးပြီ ဖြစ်သည်။

ငဖဲမြို့နယ်အတွင်းရှိ ဆောင်းသီးနှံစိုက်ပျိုးသည့် တောင်သူများ စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိပြီး သီးနှံများအချိန်မီ စိုက်ပျိုးထုတ်လုပ်နိုင်၍ တောင်သူများလူမှုစီးပွားဘဝအဆင်ပြေစေရန် ရည်ရွယ်၍ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို နှစ်စဉ်ထုတ်ချေးပေးလျက်ရှိကြောင်း၊ ယခင်နှစ် ဆောင်းသီးနှံချေးငွေအရင်း၊ အတိုးပြေကျေစွာ ပေးဆပ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရှိသည့် တောင်သူများအား ထုတ်ချေးပေးခြင်းဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဒေါ်သန်းသန်းဆင့်က ဆွေးနွေးပြောကြားသည်။

ငဖဲမြို့နယ်တွင် ၂၀၂၄-၂၀၂၅ခုနှစ် ဘဏ္ဍာနှစ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးပေးနိုင်ရေးအတွက် ကျေးရွာအုပ်စု ၈ အုပ်စုမှ တောင်သူများအား ချေးငွေကျပ်သိန်းပေါင်း ၂၁၀၀ အား ထုတ်ချေးပေးရန် လျာထားပြီး စပါးသီးနှံတစ်ဧကလျှင် ငွေကျပ်တစ်သိန်းငါးသောင်းနှုန်းနှင့် အခြားသီးနှံစိုက် တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ပင်ဦးကျေးရွာအုပ်စုမှ တောင်သူ ၁၀၁ ဦး၏ စပါးစိုက်ဧက ၆၈ ဧကနှင့်အခြားသီးနှံစိုက်ဧက ၃၀၀ စုစုပေါင်း စိုက်ဧက ၃၆၈ ဧကအတွက် ချေးငွေကျပ် ၄၀၂ သိန်းကို ထုတ်ချေးပေးခဲ့သည်။

ငဖဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၄-၂၀၂၅ ဆောင်းသီးနှံစိုက်ပျိုးမည့် စပါးနှင့် အခြားသီးနှံများ စိုက်ဧက ၁၇၂၃ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေ စုစုပေါင်းငွေကျပ် ၁၈၂၃ ဒသမ ၅၀ သိန်းကို ဒေသခံတောင်သူများအား ထုတ်ချေးပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

မယု(ငဖဲ)

## သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(မကွေး)တွင် ကျောင်းတွင်းအားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ



**မကွေး ဇန်နဝါရီ ၂၇**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် သမဝါယမစာရင်းရေး၊စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (မကွေး)၏ ကျောင်းတွင်းအားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက်က အဆိုပါ သင်တန်းကျောင်းတွင် ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးနှင့်ဇနီး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊သင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ကျောင်းသား၊ ကျောင်းသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်သည်။

ရှေးဦးစွာ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အသေးစားစက်မှုလက်မှုလုပ်ငန်း ကိုယ်စားပြုအသင်းနှင့် သမဝါယမအသင်း ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ ထုပ်ဆီးတိုးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် စကားဝါအသင်းနှင့် ကံ့ကော်အသင်းတို့ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက် ကျင်းပရာ တာဝန်ရှိသူများက ပါဝင်ကူညီခဲ့သည့် ဒိုင်အဖွဲ့များအား ဂုဏ်ပြုလက်ဆောင်များနှင့် ဖူဆယ်ဘောလုံးပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် နှစ်သိမ့်ဆုရရှိသူများကို ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပြီး ဒိုင်အဖွဲ့မှ တာဝန်ရှိသူများက ပြိုင်ပွဲကျင်းပပေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (မကွေး)၏ ကျောင်းတွင်းအားကစားပြိုင်ပွဲတွင် သင်တန်းကျောင်းအတွင်းရှိ ပထမနှစ်နှင့် ဒုတိယနှစ် သင်တန်းသားကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၆၇ ဦးက ဖူဆယ်ဘောလုံးပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ သမဝါယမဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန စသည့်ဌာနများကို ကိုယ်စားပြု၍ ဇန်နဝါရီ ၂၅ ရက်နှင့် ၂၆ ရက်များတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**အောင်ကို(ဖန်ခါးမြေ)**

*-*-*-*-*

## ကျွန်းလှမြို့နယ်၌ ဟင်းသီးဟင်းရွက်သီးနှံစုံ လျာထားချက်ထက် ပိုမိုစိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်း

**ကျွန်းလှ ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ လျာထားချက် ထက်ပိုမိုစိုက်ပျိုးနိုင်ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၄ - ၂၀၂၅ ခုနှစ်၊ ဆောင်းရာသီ၌ ဟင်းသီးဟင်းရွက် ၅၇၇ ဧက စိုက်ပျိုးရန်လျာထားပြီး ၁၀၆၇ ဧက ၁၈၄ ဒသမ ၉၂ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်တော် ဒီနှစ် ဆောင်းရာသီမှာ ချောင်းရေတင်ပြီး ပန်းမုန်လာ၊ မုန်လာထုပ်၊ ခရမ်း၊ ခရမ်းချဉ်၊ ကိုက်လန်၊ ကြက်သွန်ဖြူနဲ့ ကြက်သွန်နီသီးနှံများ စိုက်ပျိုးထားပါတယ်။ ခရမ်း၊ ကိုက်လန် သီးနှံများ သီးနှံပေါ်ချိန် ဈေးကောင်းရရှိပြီး အကျိုးအမြတ်ရရှိခဲ့ပါတယ်။ တိုးချဲ့စိုက်ပျိုးဖို့ ပြင်ဆင်လျက်ရှိပါတယ်"ဟု မန်ကျည်းအင်းကျေးရွာ ဟင်းသီးဟင်းရွက်စိုက်ပျိုးသူ ဦးချစ်မိုးက ပြောသည်။

ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဟင်းသီးဟင်းရွက် စိုက်ပျိုးသည့် တောင်သူများအား သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးကျ ရောစပ်သုံးစွဲရေး၊ သဘာဝပိုးသတ်ဆေး၊ပိုးနှင့်ဆေးပြုလုပ်သုံးစွဲရေးနှင့် စိုက်ပျိုးရေးနည်းပညာများ ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**




## လေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မိုင်းပျဉ်း ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မိုင်းပျဉ်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစိုင်းထွန်းစိန်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ကျိုင်းတုံခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်မောင်ဝင်းက လေပြင်းဘေးဒဏ်ခံနိုင်ရေး အားဖြည့်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းအတွက် ဆောင်ရွက်မည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားရာ အစည်းအဝေးသို့ တက်ရောက်လာသူများက ပြန်လည်မေးမြန်းဆွေးနွေးကြသည်။ ဆက်လက်၍ ကျိုင်းတုံခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်မောင်ဝင်းက မိုင်းပျဉ်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းထံ လေပြင်းဘေးဒဏ်ခံနိုင်ရေး အားဖြည့် မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်မည့် နေအိမ် ၃၉၂ လုံးအတွက် တန်ဖိုးငွေကျပ် ၂၄၆၉၆၀၀၀ အား လွှဲပြောင်းပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပြန်လည် ခွဲဝေပေးအပ်ခဲ့သည်။

အဆိုပါ လေပြင်းဘေးဒဏ်ခံနိုင်ရေး အားဖြည့်မွမ်းမံခြင်းလုပ်ငန်းအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးနှင့် ရုံးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ် (ပြန်/ဆက်)**



ပတ်စရာ၊ မှတ်စရာ စုံလင် ပြည်ထောင်စုနေ့

## အလွမ်းမိတ်ဆွေ

* သံစဉ်တုံးတွေကြား
တခမ်းတနား ဖော်ကြူး
အရှုံးအမူးတေးပြုစာဆို
Rock ဂီတကို အဖော်ပြု
ဘယ်တော့မှ မနတဲ့ အကြမ်းစားသံစဉ်
ဂန္ထဝင်တွေကြားက အိပ်မက်ကို ဖော်ဆောင်
အမှောင်မရှိ အလင်းမသိ
သူ့ရှိသတ္တိ အနုပညာ
ကန္တာရလည်းပါ ခရောင်းတောလည်းတိုး
စာအိုး ပေအိုး ကဗျာအိုးတွေထဲ သိပ်ထည့်
မဲ့ရွဲ့လည်း ဂရုမစိုက်
စိတ်အိုက်နေတဲ့ ကော်ပီတွေကြား
ခပ်ခါးခါးတွေ မြိုရင်း
ခံတွင်းချဉ်လို့ ထင်ပါရဲ့ဗျာ
ဘဝတစ်ပါးကို ထွက်ခွာသွားပြီ
ပုံရိပ်မဲ့နေတဲ့ ဂရပ်ဖစ်ကြီး
အရောင်အသီးသီးကြားက
ငိုညည်းရင်း ပြောသွားတယ်
* အထက်မင်းလှရေ...
ငါ့ကို ချက်မြုပ်ပေးခဲ့လို့
ကျေးဇူးတင်တယ်... တဲ့
အလွမ်းများ မိတ်ဆွေဖွဲ့ဦးမယ်
ငါပြန်လာခဲ့ဦးမယ်...
ကိုမာကြီး(မာရစ္စသို့ တမ်းချင်း)

**ဥတ္တရမိုး**

## သတင်းပဒေသာ

### နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ၊ ပညာရေးစုံညီပွဲတော် ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့၊ အခြေခံပညာမူလတန်းလွန်ကျောင်း၊ ယမ်းမိုင်ကျေးရွာတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ၊ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့ နံနက်(၁၀)နာရီက ကျင်းပရာ မိုင်းပျဉ်းတပ်နယ်မှ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်နန်းဟွမ်နွမ်း၊ အ·မ·က (မူလွန်)-ယမ်းမိုင်ကျောင်းအုပ်ဆရာကြီးနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးစိုင်းနန္ဒတို့က ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်သည်။ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးပြက္ခဒိန်ပါ ကျောင်းတွင်းထူးချွန်ဆုနှင့် အားကစားဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူ အသီးသီးတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြပြီး၊ ကျောင်းသား၊ ကျောင်းသူလေးများက အကအလှပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ဆံပင်ဆံအုပ်(ဘိုးကလစ်)ပြုလုပ်နည်းသင်တန်းဖွင့်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီနှင့် ရွှေဘိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ဆံပင်ဆံအုပ်(ဘိုးကလစ်)ပြုလုပ်နည်းသင်တန်းကို ယမန်နေ့ နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်အေးမြင့်စန်းက အမျိုးသမီးငယ်များအား အလုပ်အကိုင်၊ အခွင့်အလမ်းများရရှိရေး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းပြောကြားသည်။ သင်တန်းနည်းပြ ဒေါ်ဝင်းပပထွန်းက သင်တန်းတွင် အခြေခံအဆင့်ဆံပင်ဆံအုပ်(ဘိုးကလစ်)ပြုလုပ်နည်းများကို စာတွေ့၊ လက်တွေ့သင်ကြားပေးခဲ့သည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၂၆ ရက်မှ ၂၇ ရက်အထိ (၂)ရက်တာ သင်ကြားပို့ချသွားမည်ဖြစ်ပြီး၊ သင်တန်းသူစုစုပေါင်း ၂၁ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးရေး ဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နယ်တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာတို့ပူးပေါင်း၍ ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ်၊ (KG) ကျောင်းသား၊ ကျောင်းသူများအား၊ ကျောင်းတွင်းအာဟာရကျွေးခြင်းကို ဟုမ္မလင်းမြို့နယ်၊ ခေါင်ခမ်းအုပ်စုရှိ (အ·လ·က-ခွဲ ခေါင်ခမ်း)၊ (အ·လ·က -တာပတောင်း)၊ (အ·လ·က- ခွဲ -နားသဲ) (မူလွန်-နားနွံး၊) (မူလွန်- ပါမလုံ) ကျောင်းများတွင် ယမန်နေ့ နံနက် ၁၀ နာရီမှစတင်၍ အဆိုပါကျောင်းများတွင် ကျွေးမွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### သူနာပြုသားဖွားဒီပလိုမာသင်တန်း မောင်မယ်သစ်လွင်ကြိုဆို

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုသူနာပြုသင်တန်းကျောင်းတွင် အပတ်စဉ်(၅) ပထမနှစ်သူနာပြုသားဖွားဒီပလိုမာသင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျောင်းရှိ သပြေညိုခန်းမတွင် ကျင်းပရာ ရွှေဘိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး သန့်ဇော်လင်းက အဖွင့်အမှာစကားပြောကြားသည်။

သူနာပြုသင်တန်းကျောင်း စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ရွှေဘိုခရိုင်ဆေးရုံအုပ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ပညာရေးအဖွဲ့ဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသွယ်မိုးက သင်တန်းရေးရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ (၅/၂၀၂၅) မောင်မယ်သစ်လွင်များက တစ်ဦးချင်းမိတ်ဆက်စကားပြောကြားခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## သံဃာ့ဒါနဆွမ်းလောင်းလှူပွဲနှင့် စာရေးတံမဲလောင်းလှူ

**မန္တလေး ဇန်နဝါရီ ၂၇**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ ထန်းကိုးပင်ကျောင်းတိုက်အတွင်းရှိ လျောင်းတော်မူဘုရားနှင့်ရွှေဘုန်းပွင့်စေတီတော်၏(၂၂)ကြိမ်မြောက် သံဃာ့ဒါနဆွမ်းလောင်းလှူပွဲနှင့် စာရေးတံမဲလောင်းလှူပွဲအခမ်းအနားကို ယနေ့နံနက် ၆နာရီက အဆိုပါကျောင်းတိုက်တွင် ကျင်းပသည်။



ဆွမ်းလောင်းလှူပွဲကို ဂေါပကအဖွဲ့နှင့် ကံသာယာရပ်ကွက်၊ (ကက)၊ (ခခ)ရပ်ကွက်အတွင်းမှ ဆွမ်းဒါယကာ၊ ဒါယိကာမအလှူရှင်များက ပင့်သံဃာ ၁၁၀ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ သစ်သီး၊ မုန့်များလောင်းလှူပူဇော်ကြပြီး စာရေးတံမဲများ ဖောက်လှူပူဇော်ခဲ့ကြသည်။

ထို့နောက် ထန်းကိုးပင်ကျောင်းတိုက်မှ ဆရာတော်ဦးသောဘဏထံမှ ဆွမ်းနှင့်စာရေးတံမဲ အလှူရှင်များက လှူဒါန်းမှုအစုစုအတွက် ရေစက်ချတရားနာယူကြည်ညိုခဲ့ကြကြောင်း သိရသည်။ **(ဓဲပုံ)**

**(မန္တလေးနေ့စဉ်-၃)**

## ဆေးပဒေသာပင် အလှူငွေ လှူဒါန်း

**မန္တလေး ဇန်နဝါရီ ၂၆**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ယမန်နေ့က ပခုက္ကူခရိုင်၊ မြိုင်မြို့၊ အမှတ်(၂)ရပ်ကွက်၊ ရေစက်လမ်းနေ ကွယ်လွန်သူ ဒေါ်တင်လှိုင်အား ရည်စူး၍ ဦးခွေး၊ သား၊ သမီး၊ မြေး၊ မိသားစုတို့က ဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ၁၀ သိန်းကို လှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းပြန်လည်ပေးအပ်သည်။ အလှူရှင်များ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(ကဆ)**





## ဝန်ထမ်းမိသားစုများစုပေါင်း၍ ဘုံဆွမ်းလောင်းလှူ ကုသိုလ်ပြု

**မန္တလေး ဇန်နဝါရီ ၂၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ ၃၆ လမ်း၊ ၆၈ လမ်းနှင့်လမ်း ၇၀ ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများ စုပေါင်း၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူကုသိုလ်ပြုကြသည်။ **(အပေါ်ပုံ)**

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက (၁၁၅)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ကြက်သားချက်၊ သရက်ချဉ်သုပ်တို့ကို ၃၆ လမ်းနှင့်၆၉ လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော် ၂၅၀ကျော်တို့အား နံနက် ၅ နာရီခွဲမှ စတင်လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။ **(ကဆ)**

## ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာဌာန(မန္တလေး)သို့ ငွေများလှူဒါန်း၊ တစ်နေ့စာကျွေးမွေး

**မန္တလေး ဇန်နဝါရီ ၂၇**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေး-ရန်ကင်းတောင်လမ်းရှိ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာဌာန(မန္တလေး)သို့ ဇန်နဝါရီ ၂၆ ရက်က မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၂၅ လမ်းနေ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဝင်းလှိုင်+ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်မြစန္ဒာဝင်း မိသားစုက တစ်နေ့တာ အာဟာရကျွေးမွေးရန် ငွေကျပ် ၆သိန်း၊ ဆေးပဒေသာပင် ငွေကျပ်သိန်း ၃၀၊ စုစုပေါင်း ငွေကျပ် ၃၆ သိန်းကိုလည်းကောင်း၊ ကွယ်လွန်သူ ဒေါက်တာခင်မြတ်မွန် (ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆေးသုတေသန၊ အောက်မြန်မာပြည်)အား ရည်စူး၍ ပါမောက္ခဒေါက်တာခင်မောင်ဟန် (အရိုးရောဂါပညာဌာန၊ ပါမောက္ခ၊ ဌာနမှူး-ငြိမ်း)က ဆေးပဒေသာပင် ငွေကျပ် ၅ သိန်းကိုလည်းကောင်း၊ ဒေါက်တာကြည်သာကျော်ရွှေအား ရည်စူး၍ ဇနီးဒေါက်တာလှရီရီဝင်းမိသားစုက အာဟာရကျွေးမွေးရန် ငွေကျပ် ၃သိန်း၊ လူနာတစ်ဦး ငွေကျပ် ၁၀၀၀၀နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၃၁၀၀၀၀၊ နံနက်စာ ထမင်းဆီဆမ်း၊ အကြော်၊ နေ့လယ်စာ ကြက်သားနှင့်ထမင်းတို့ကို လာရောက်ကျွေးမွေးလှူဒါန်းရာ ဦးလှထွန်းကင်ဆာဖောင်ဒေးရှင်း အုပ်ချုပ်ရေးမှူး ဒေါ်ခင်အေးမြင့်နှင့်တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။ ကင်ဆာဖောင်ဒေးရှင်းသို့ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၄၁၀၄၀၆၄၉နှင့် ဖုန်း၀၉-၄၂၄၉၆၆၈၁၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)(ကဆ)**



# သတိပြုဖွယ် သတင်းနယ်ပယ် (၁၅)

နိုင်ဗလ

စာနယ်ဇင်းထုတ်ဝေရန် အစိုးရထံမှ ခွင့်ပြုချက်မှတ်ပုံတင်ထုတ်ယူရရှိး ထုံးစံရှိသည်။ အစဦးဆုံးမှတ်ပုံတင်အမှတ်(၁)ကို အောက်မြန်မာပြည်ဗြိတိသျှအစိုးရထုတ် "လောကီသုတ ပညာသတင်းစာ(၁၈၇၃)"က ရရှိခဲ့သည်ဟု ဆိုသည်။

ကာတွန်းရုပ်ပြောင် စတင်သုံးစွဲခဲ့သော မဂ္ဂဇင်းမှာ သူရိယမဂ္ဂဇင်းဖြစ်သည်။ ရုပ်ပြောင်၏ အမည်မှာ "ဘကြီးမေတ္တာတုံး၏ အာဒါသမုခဒီပနီ" ဖြစ်၍ ရေးဆွဲသူမှာ ဦးဘကလေး(ရွှေကလေး)ဖြစ်သည်။ စာနယ်ဇင်းခေတ်ဦးကတည်းကပင် စာနယ်ဇင်းများ၌ နေ့စဉ်၊ အပတ်စဉ်၊ လစဉ်စသည်ဖြင့် မှန်မှန်ရေးခွင့်ရသော စာရေးဆရာများရှိခဲ့သည်။ "ကြွက်စုတ်၊ ပိုက်ဆံကြီး၊ လေပွေ၊ ဂျိုကာ၊ ဒီးဒုတ်"တို့ဖြစ်သည်။ သို့သော်ပင်တိုင်ဆောင်းပါးရှင်ဟု အတည်တကျခေါ်ဝေါ်ခြင်း မပြုခဲ့ပေ။ အစိုးရက စာနယ်ဇင်းများကို ပြည်သူပိုင်သိမ်းသော ၁၉၆၃ ခုနှစ်ခန့်မှစ၍ ပင်တိုင်ဆောင်းပါးရှင်ဟု အတည်ခေါ်ဝေါ်ခဲ့သည်။ ဇဝန(ကြေးမုံ)၊ သိန်းဖေမြင့်(ဗိုလ်တထောင်)၊ သာဂဒိုး(လုပ်သားပြည်သူ့နေ့စဉ်)စသော ပင်တိုင်ဆောင်းပါးရှင်များပေါ်လာခဲ့သည်။

စစ်ကြိုခေတ်စာနယ်ဇင်းများတွင် ကာတွန်းဆရာငါးယောက်ခန့်သာ ရှိသည်ကို တွေ့ရသည်။ ဦးဘကလေး၊ ဦးဘဂျမ်း၊ ဦးညီညီ၊ ဦးခင်မောင်နှင့် ဦးဟိန်စွန်းတို့ဖြစ်သည်။ သူရိယသတင်းစာတွင် တစ်ပတ်တစ်ကြိမ်ကာတွန်းဖော်ပြသည်။ ဦးဘကလေး၊ ဦးဘဂျမ်း၊ ဦးညီညီတို့အလှည့်ကျရေးဆွဲသည်။ ဦးဟိန်စွန်းမှာ မြန်မာ့အလင်းတွင် လခစားဖြင့် တစ်ပတ်လျှင် ငါးကြိမ်ဆွဲပေးရသည်။ မန္တလေးသူရိယတွင် ကာတွန်းဦးခင်မောင်က တစ်ပတ်လျှင် တစ်ကြိမ်ရေးဆွဲပေးရသည်။

မြန်မာနိုင်ငံသတင်းစာဆရာအသင်းကို ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်တွင် တည်ထောင်ခဲ့သည်။ ပထမဆုံးဥက္ကဋ္ဌမှာ ဦးဘကလေး(သူရိယ)ဖြစ်ပြီး အတွင်းရေးမှူးမှာ ယူပီအိုင် ဦးဘသန်းဖြစ်သည်။ စစ်ကြိုခေတ်က ပထမဆုံးသတင်းစာပညာသင်အဖြစ် ဘီလပ်သို့ ရွေးချယ်စေလွှတ်ခြင်းခံရသူမှာ အိုးဝေညီမြဖြစ်သည်။ ဒုတိယကမ္ဘာစစ်တွင် လန်ဒန်ကောလိပ်ပိတ်၍ အမေရိကန် ချီကာဂိုမြို့ အနောက်မြောက်တက္ကသိုလ်သို့ သွားရောက်ခဲ့ရသည်ဟု ဆိုသည်။

၁၉၂၂ ခုနှစ်တွင် ဗြိတိသျှနန်းလျာဝေလမင်းသား မြန်မာနိုင်ငံသို့ လာရောက်စဉ် မျက်နှာကြီးအမျိုးသမီးများ သူ့ထက်ငါဝိုင်းဝန်းပြုစုကြသည်ကို ပညာ့အလင်းသတင်းစာတွင် "ရတနာဒီပံဖယောင်းတိုင်ထွန်းနည်း" ဆိုသော ကာတွန်းဖြင့်စောင်းချိတ်၍ ဖော်ပြသောကြောင့် အယ်ဒီတာ ဦးပုကလေး ထောင်နှစ်လကျခဲ့သည်ဟု ဆိုသည်။ သူရိယသတင်းစာတိုက်မှ ဖိုမင်ကြီးဆရာခ၏ တစ်ဆင့်စကားပြောပြချက်များအရ ဆရာကြီးသခင်ကိုယ်တော်မှိုင်း သူရိယတိုက်တွင် အလုပ်လုပ်စဉ်က စာဖောင်ရိုက်မိန့်ပေးရာ၌ အမှားအယွင်းပါခဲ့သဖြင့် ဦးဘဖေ၏ အမိန့်ဖြင့် ဒဏ်ငွေလေးကျပ်ခွဲ အရိုက်ခံခဲ့ရဖူးသည်ဟု ဆိုခဲ့သည်။

ကမ္ဘာ့သတင်းစာများအနက် နိုင်ငံခြားတွင် အမြဲတမ်းသတင်းထောက်ခန့်၍ သတင်းယူခဲ့သော ပထမဆုံးသတင်းထောက်မှာ ဂျာမဏီနိုင်ငံ ဟမ်းဘတ်မြို့၌ ၁၇၁၅ ခုနှစ်တွင် ရှိခဲ့သည်။ သတင်းထောက်မှာ လန်ဒန်မြို့နေ ပြင်သစ်အမျိုးသားတစ်ဦးဖြစ်သည်ဟု ဆိုသည်။ အမေရိကန်သမ္မတ ကနေဒီ လက်ထက်က ပြန်ကြားရေးအရာရှိအဖြစ် ဆောင်ရွက်ခဲ့သူ ပီယာဆလင်ဂျာသည် ကာလီဖိုးနီးယားသတင်းစာတစ်စောင်တွင် သတင်းထောက်လုပ်ခဲ့စဉ်က ကာလီဖိုးနီးယားအကျဉ်းထောင်များ၏ ဆိုးရွားပုံကို တိုင်းပြည်သို့ တင်ပြလိုသဖြင့် သာမန်ရာဇဝတ်မှုတစ်ခုကို ကျူးလွန်ပြီး ထောင်ကျခံခဲ့သည်။ ထောင်မှ လွတ်သောအခါ သတင်းစာတွင် ရေးသားဖော်ပြခဲ့သဖြင့် အာဏာပိုင်တို့က ထောင်နှင့်ပတ်သက်၍ ပြုပြင်ပေးခဲ့ရသည်ဟု ဆိုသည်။

မြန်မာနိုင်ငံ၏ စာအုပ်၊ စာပေဆောင်းပါးများကို ဝေဖန်ရေးကဏ္ဍအား ရှာဖွေကြည့်ရာ ၁၉၁၄ ခုနှစ်က ထုတ်ဝေသော မြန်မာ့အလင်းမဂ္ဂဇင်းတွင် ဦးရွှေဇံအောင်(ကာယဂံ သမ္ဘာရဒီပနီ၊ တက္ကနယကျမ်း)များ ပြုစုသူ၏ စာအုပ်များကို ဝေဖန်ချက်ဖော်ပြသော ဆောင်းပါးများ ဦးစွာတွေ့ရသည်။ ၁၉၁၇ ခုနှစ်တွင် ဆရာကြီးရွှေဥဒေါင်းတို့၏ မြန်မာ့ဗျူဟာဂျာနယ်ထွက်လာသောအခါ ခေတ်ပေါ်စာအုပ်ဝေဖန်ချက်များ စတင်တွေ့ရှိခဲ့ရသည်။ သို့ရာတွင် တစ်အုပ်ခြင်း ထုတ်ဖော်ဝေဖန်ခြင်းမဟုတ်ဘဲ ခြုံ၍ဝေဖန်ခြင်းပြုခဲ့သည်ဟု ဆိုသည်။

တစ်ချိန်က သခင်စိုးသည် ဗမာပြည်ကွန်မြူနစ်ပါတီမှ နုတ်ထွက်ကာ သူ၏ ပါတီကို အလံနီကွန်မြူနစ်ပါတီဟု သုံးခဲ့သည်။ ဗမာ့ခေတ် ဦးအုန်းကြိုင်က "စိုးကြီးတို့က အလံနီဆိုရင် သန်းထွန်းတို့က အလံဖြူပေါ့ကွာ"ဆိုကာ သတင်းစာ၌ ဖော်ပြသဖြင့် အလံဖြူကွန်မြူနစ်ဝေါဟာရတွင်ခဲ့သည်။ ဗမာ့ခေတ်သတင်းစာက ပြည်တွင်းဆူပူသောင်းကျန်းမှုမျိုးစုံကို "ရောင်စုံသူပုန်"ဟု သုံးခဲ့၍ "ရောင်စုံသူပုန်"ဟူသော အသုံးတွင်ကျယ်ခဲ့သည်။ ရောင်စုံသူပုန်ဟူသော ဝေါဟာရကို သတင်းစာမှ မွေးဖွားပေးခဲ့ခြင်း ဖြစ်သည်။

စစ်ကြီးပြီးသောကာလတွင် မြန်မာနိုင်ငံ၌ သတင်းစာနှင့် အခြားစာဖတ်ပရိသတ်ဦးရေတိုးတက်ခဲ့သည်။ စစ်မဖြစ်မီက အင်္ဂလိပ်၊ မြန်မာသတင်းစာ တစ်ဒါဇင်ခန့်သာ ရှိခဲ့သည်။ စစ်ကြီးပြီးသောအခါ အင်္ဂလိပ်၊ တရုတ်၊ အိန္ဒိယအပြင် မြန်မာသက်သက် သတင်းစာစောင်ရေ ၁၇ မျိုးထိ ရှိလာခဲ့သည်။ ၎င်းတို့အနက် ၆ စောင်ခန့်မှာ စာဖတ်ပရိသတ် ၁၅၀၀၀ ကျော်ရှိခဲ့သည်။

၁၉၂၀ ပြည့်က မြန်မာပြည်အရေးနှင့် စပ်လျဉ်း၍ အင်္ဂလန်သို့ သွားခဲ့သော ဖေ၊ ပု၊ ရှိန်(ဦးဘဖေ၊ ဦးပု၊ ဦးထွန်းရှိန်)ကိုယ်စားလှယ်တော်ကြီးများ ၆-၂-၂၀ တွင် မြန်မာနိုင်ငံသို့ အောင်မြင်စွာ ပြန်လည်ရောက်ရှိမည်ဟု ၂၆-၁-၂၀ ရက်စွဲပါ မြန်မာ့အလင်း၌ စကားတောင်စားအခန်းက ရေးသားဖော်ပြခဲ့သည်။ "ကိုယ်စားလှယ်ကြီးများသည် မြန်မာပြည်၏ အကျိုးကို ကောင်းစွာကျိုးပမ်းဆောင်ရွက်လေသည်။ ၎င်းတို့ရောက်၍ သင်္ဘောဆိပ်မှ တက်လာသောအခါ ၎င်းတို့မျက်စိချမ်းသာအောင် ကျေးဇူးဆပ်သောအလား၊ မြန်မာပြည်ဖြစ် ပင်နီအင်္ကျီ၊ ပုဆိုးလုံချည်စသည်တို့ကို ဆင်မြန်းကြပါ"ဟု ရေးသားလိုက်သည်။ ရန်ကုန်မြို့တွင် ရက်သတ္တပတ် နှစ်ပတ်ခန့်အတွင်း ပင်နီအုပ်ရာထောင်ချီ၍ ကုန်ခဲ့သည်ဟု ဆို၏။ ထိုကာလမှစ၍ နိုင်ငံရေးနှင့်စပ်လျှင် ပင်နီဝတ်သော ဓလေ့ရခဲ့သည်ဟု ဆိုစမှတ်ရှိခဲ့သည်။ (လွန်ခဲ့သော ၁၀ စုနှစ်အတွင်း မန္တလေးနေ့စဉ်၌ ရေးသားဖော်ပြပြီး)စာရေးသူငယ်စဉ် ကျောင်းသားဘဝကတည်းက စစ်အင်္ကျီ၊ စစ်လွယ်အိတ်၊ ပင်နီအိတ်၊ ပင်နီအင်္ကျီတို့ကို နှစ်သက်စွာဝတ်၍ ကျောင်းတက်ခဲ့သည်။ အစီးများသော ဖိနပ်မှာ ခုံဖိနပ် ဖြစ်သည်။ အခြေခံပညာကျောင်းမှ တက္ကသိုလ်ရောက်သည်အထိ စွဲစွဲမြဲမြဲဝတ်ဆင်ခဲ့သည်။ အကြမ်းခံခြင်း၊ ကုန်ကျစရိတ်သက်သာခြင်းတို့ကြောင့်လည်း ပါသည်။ ကိုယ်တိုင်နှစ်သက်သည်လည်း ပါသည်။ နောက်ပိုင်းနိုင်ငံရေးဇာတ်လမ်းများ ရှုပ်လာသောကြောင့် လွန်စွာနှစ်သက်ခဲ့သော စစ်အင်္ကျီ၊ စစ်လွယ်အိတ်၊ ပင်နီအင်္ကျီတို့ကို စွန့်လွှတ်ခဲ့ရသည်။ တစ်ပါတည်းတွဲလျက် စီးနေကျခုံဖိနပ်ကိုပါ စွန့်လွှတ်ခဲ့ရသည်။

၁၉၇၉ ခုနှစ်က ကျွန်တော်၏ဆရာ ဗိုလ်တထောင်သတင်းစာ ပင်တိုင်ဆောင်းပါးရှင်(ခရီးသွား)၊ မြန်စာဂုဏ်ခင်မောင်ရင်နှင့် ဗိုလ်ကြီးထွန်းထွန်းလှိုင်တို့က "စာဖတ်တယ်၊ လေ့လာတယ် ဆိုတာ ကိုယ့်နားမှာရှိတဲ့ လက်တစ်ကမ်းစာအုပ်တွေ ဖတ်နေရုံနဲ့ မပြီးဘူး၊ ကိုယ်ဖတ်ချင်တဲ့စာမျိုး သိချင်တဲ့ စာမျိုးကို ရှိတဲ့နေရာ၊ ရတဲ့နေရာမှာ လိုက်ရှာပြီးတော့ကို ဖတ်ရမှာ၊ အဲ့ဒါမှ စာပေဝါသနာ"ဟု ပြောခဲ့ကြပြီး သတင်းစာပညာဝါသနာပါသော ကျွန်တော့်အား လေ့လာနိုင်စရာ စာအုပ်ခေါင်းစဉ်အညွှန်းများပေး၍ ရှာဖွေဖတ်ရှုရမည့် စာအုပ်များကို သီးခြားမှတ်သားထား၍ ကြုံသည့်နေရာ၊ ရသည့်နေရာ၊ ရောက်သည့်နေရာတိုင်း ရှာဖွေမေးမြန်း၊ လေ့လာ၊ ဖတ်ရှုသည့် အကျင့်ရရှိခဲ့သည်။ သတင်းစာပညာအနေဖြင့် ၁။ သတင်းစာဆရာ(ဦးသိန်းမောင်)၁၉၃၅၊ ၂။ သတင်းစာဆရာနှင့် သတင်းထောက်(ဦးပကိုဒိ)၁၉၃၈၊ ၃။ ဒါမှသတင်းထောက်(လက်ရေးတို ဦးချစ်မောင်)၁၉၄၀၊ ၄။ သတင်းစာလောက(ဒေါ်ခင်မျိုးချစ်)၁၉၅၂၊ ၅။ သတင်းစာအခြေခံပညာ(ဂျာနယ်ကျော်တင့်ဆွေ)၁၉၅၂၊ ၆။ ဘိုးဝဇီရစာပေ(စန်းယုအောင်)၁၉၅၃၊ ၇။ ငွေကလောင်ကျမ်း(ပီမိုးနင်း)၊ ၈။ သူလိုလူ(ဂျာနယ်ကျော်မမလေး)၊ ၉။ ကလောင်စစ်သား(ဂျာနယ်ကျော်တင့်ဆွေ)၊ ၁၀။ ဘဝတစ်သက်တာမှတ်တမ်း(ရွှေဥဒေါင်း)၊ ၁၁။ သတင်းစာများသည် သမိုင်းကို ပြောနေကြသည် (လူထုဦးလှ)၁၉၆၃၊ ၁၂။ သူ့စာများက ပြောတဲ့ သိပ္ပံမောင်ဝအကြောင်း (လူထုဦးလှ)၁၉၆၆၊ ၁၃။ သတင်းထောက်လက်စွဲ(ဦးကိုကိုလေး)၁၉၆၆၊ ၁၄။ စာဝင်္ကပါပဒ(ငွေဥဒေါင်း)၁၉၆၃၊ ၁၅။ သီးခြား စာဝင်္ကပါ(ကြီးမောင်)၁၉၆၅၊ ၁၆။ သတင်းစာပညာ (မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ)၁၉၆၃၊ ၁၇။ ကိုယ်တွေ့သတင်းစာပညာ (သတင်းစာဆရာ ၂၅ ဦး)၊ ၁၈။ စာနယ်ဇင်းကောင်စီနှင့် ဗိုလ်တထောင်တိုက်ပွဲ၊ ၁၉။ သတင်းစာအစမည်သူက(ဘာသာပြန် ဦးတင်အေး)၊ ၂၀။ ရှေးဦးမြန်မာသတင်းစာများ (မောင်သစ်လွင်လူထု)၁၉၇၁၊ ၂၁။ ဗမာ့ခေတ်မှ ကြေးမုံသို့(ဦးသောင်း-အောင်ဗလ)၁၉၇၁၊ ၂၂။ကျွန်တော် သတင်းထောက်(လူထုဦးလှ)၁၉၇၁၊ ၂၃။ စာပေါင်းစု(သိန်းဖေမြင့်) ၁၉၇၁၊ ၂၄။ စာတွေ့ငါတွေ့(ဇေယျ)၁၉၆၇၊ ၂၅။ မြန်မာ့မျက်ပွင့်(ဇေယျ) ၁၉၆၂၊ ၂၆။ သတင်းစာ(စာနယ်ဇင်းကောင်စီ) ၁၉၆၃၊ ၂၇။ သတင်းစာဆရာကြီးများ၏ သူတို့ဘဝ သူတို့အတွေ့အကြုံ(ချစ်ကြည်ရေးကြည်ညွန့်) ၁၉၇၁၊ ၂၈။ သမိုင်းဝင်သူရိယ၊ မြန်မာ့အလင်းနှင့် မြန်မာ့နိုင်ငံရေး(ချစ်ကြည်ရေးကြည်ညွန့်)၁၉၇၁၊ ၂၉။ မြန်မာစာအုပ်သမိုင်းဦးနှင့် သမိုင်းအတွေ့အကြုံ(ဦးမြင့်ဆွေ)၁၉၇၂၊ ၃၀။ ဦးရွှေကြူး၊ဦးဘကလေး(မင်းယုဝေ)၊ ၃၁။ ကျွန်တော့်ဆရာ ပီမိုးနင်း(သခ်ီ)၊ ၃၂။ ရှေးခေတ်မြန်မာပြည် သတင်းစာများ(ယူပီဦးဘသန်း) ၁၉၇၄၊ ၃၃။ ဘက်စုံသတင်းစာပညာ(တက္ကသိုလ်မြတ်သူ) ၁၉၇၄၊ ၃၄။ သီပေါမင်းနှင့် နယူးယောက်တိုင်းသတင်းစာ(ဦးကိုလေး၊ ဇေယျာမောင်)၊ ၃၅။ ပြည်သူတို့၏ စကားပြန်(ဆောင်းပါးရှင် ၅၀) ၁၉၇၄၊ ၃၆။ သတင်းဟာသ(ဟံသာဝတီ ကာတွန်းပေါင်းချုပ်)၁၉၇၄၊ ၃၇ ။ မြန်မာသတင်းစာသမိုင်း(၁၈၃၄-၁၉၄၅)ဘွဲ့ယူကျမ်း၊ ၃၈။ ပြည်သူ့အကျိုးပြုသတင်းစာထုတ်ဝေရေးလုပ်ငန်း ၁၉၇၀၊ ၃၉။ ကိုလိုနီခေတ်စာပေလှုပ်ရှားမှု(ဦးမြင့်ဆွေ)၁၉၇၀၊ ၄၀။ မြန်မာဂျာနယ်သမိုင်း (ဦးခင်မောင်ထွန်း)၁၉၇၄၊ ၄၁။ မြန်မာမဂ္ဂဇင်းသမိုင်း ၁၉၇၂၊ ၄၂။ စာနယ်ဇင်းဟူသည် ၁၉၇၄ တို့ကို ရှာဖွေစုဆောင်းဖတ်ရှုလေ့လာစေခဲ့သည်။ ကျွန်တော်ရှာဖွေစုဆောင်းလေ့လာခဲ့ရာ ကိုယ်ပိုင်အဖြစ် ထိုအထဲမှ သုံးပုံနှစ်ပုံကျော် ရရှိရန်အတွက် ရန်ကုန်ပန်းဆိုးတန်း၊ ရွှေတိဂုံစာအုပ်ဆိုင်များ၊ မန္တလေးညဈေးစာအုပ်တန်းနှင့် စာအုပ်အဟောင်းဆိုင်များ၊ မြို့တကာရှိ စာအုပ်ဆိုင်များတွင် ငွေကြေးအင်အား၊ အချိန်များစွာ အကုန်ခံစုဆောင်းခဲ့ရသည်။ ထိုစုဆောင်းစာအုပ်များနှင့် အခြားစာအုပ်သေတ္တာကြီး(သာမန်ထက် ၃ ဆ) တွင် ထည့်၍ ၈၈ မတိုင်ခင်က နန်းမြို့တွင်း၌ ပရုတ်လုံးထည့်၍ သိမ်းခဲ့သော်လည်း ၁၉၉၂ ခန့်တွင် သွားယူရာ အားလုံးခြစားပျက်စီးခဲ့သည်။ မိဘကွယ်လွန်၍ ဝမ်းနည်းရခြင်း၏ ခံစားမှုပြီးလျှင် စာအုပ်များပျက်စီး၍ ခံစားဝမ်းနည်းရမှုက ဒုတိယအကြီးမားဆုံး ဖြစ်သည်။ လပေါင်းများစွာ အိမ်မပျော်စားမဝင်သည်အထိ ခံစားခဲ့ရသည်။

၁၉၉၉ ခုနှစ်က သတင်းစာတိုက်သို့ စာမူလာပို့သူ ဆရာကြီးမြန်စာဂုဏ်ခင်မောင်ရင်ကို အထက်ပါ စာအုပ်များရှာဖွေဖတ်ရှုရုံမက အပိုင်ဝယ်နိုင်ခဲ့ကြောင်း ပြောပြရာ ဆရာကြီးက မင်းတော်တယ်၊ အဲဒီထဲက ၁၀ အုပ်ပြည့်အောင်တောင် ငါမဖတ်ဖူးခဲ့ဘူးဟု ရယ်၍ ပြောခဲ့သည်။ တစ်ဖန် ကိုထွန်းထွန်းလှိုင်အား နန်းမြို့ရန်ကြီးအောင်ရိပ်သာတွင်မေးရာ အဲဒီစာအုပ်တွေ မဖတ်ဖူးဘူး၊ မင်းကိုပေးတဲ့ သတင်းစာပညာစာအုပ် နှစ်အုပ်နဲ့ ငါ့လက်ရေးမှတ်စုပဲရှိတာကွာဟု ရယ်မော၍ ပြောခဲ့ပြန်သည်။ ကျွန်တော်၏ စာအုပ်စုဆောင်းမှု၊ လေ့လာမှုကိုကား ဆရာနှစ်ယောက်လုံးက ချီးကျူးခဲ့ကြပေသည်။ စာနယ်ဇင်းသမိုင်းမှ ဗဟုသုတများသည် ရှာဖွေမှတ်သား၍ မကုန်နိုင်ပေ။



# ဟင်းပေါင်းအိုးနှင့်တူသည့် ကျန်းမာရေးစကားဝိုင်း

ရာသီက ဟေမန်လ အညာဆောင်းလဖြစ်၍ ငယ်ငယ်ကလိုမီးမလှုံရသော်လည်း အရွယ်ကြီးသူတို့အတွက်ကတော့ အအေးဒဏ်ကိုခံကြရသည်။ သတ်မှတ်ရက်၏ တစ်လတာပြည့်ချိန်ရောက်တော့ ဒေါက်တာမိတ် ဦးဆောင်သည့် ကျန်းမာရေးစကားဝိုင်းလေးက တဖြည်းဖြည်းချင်း လူစုံလာခဲ့သည်။ အမှန်အားဖြင့် "သက်ရှည်ကျန်းမာပျော်ရွှင်စရာ" ဆိုသည့်အတိုင်း လူတိုင်းအသက်ရှည်၊ ကျန်းမာရုံသာမက ပျော်ရွှင်မှုကိုပါပြီးပြည့်စုံလိုကြပါသည်။ သို့သော် လူဆိုသည့်သတ္တဝါက လူမှုဒုက္ခများဖြင့်ဖယ်ကြဉ်၍ နေမရပါ။ မိမိနှင့် မိမိသားစုအတွက် သောကအပူငြိမ်းနေရပြန်သော်လည်း ခန္ဓာရှိနေသည့်အတွက် ကျန်းမာရေး(ရောဂါ) အပူကလည်းဆက်ကဲ၍ ထမ်းပိုးနေကြရပြန်ပါသည်။ သို့အတွက်ကြောင့် လစဉ်ကျန်းမာရေး အထောက်အကူပြုစကားဝိုင်းက တစ်လတစ်မျိုး မရိုးစေဘဲ ရှင်သန်၍နေပါသည်။ ၄င်းသက်ကြီးအငြိမ်းစား လက်ဖက်ရည်စကားဝိုင်းက ကျန်းမာရေးဝန်ထမ်းများဖြင့်စုဖွဲ့ပြီး ကျန်းမာရေးအတွက် ကောင်းနိုးရာရာ အဖြစ်အပျက်များထဲမှ သိသင့်သည့် ဗဟုသုတများစွာကို လက်တွေ့ဘဝဖြင့် ဖော်ဆောင်ပေးနေပါသည်။ ထိုဝိုင်းလေးနေရာက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီး၏ ပရိဝုဏ်ဝင်းအတွင်း ယူနီစံလက်ဖက်ရည်ဆိုင်လေးမှာ ဖြစ်သည်။

လူစုံပါက ပြီးခဲ့သည့်လကဆွေးနွေးမည့် ခေါင်းစဉ်အား ပြန်လည်အသက်သွင်း ဆွေးနွေးခြင်းဖြစ်သည်။ သိတာကိုပြော၊ ဖွေရှာတာကို မျှဝေ၊ စုပေါင်းအကြံပြု၊ အပြုသဘောဖြင့် ဝိုင်းဝန်းအဖြေရှာကြရသဖြင့် အပြန်အလှန်နွေးထွေးမှုကို ရစေပါသည်။ တစ်နည်းအားဖြင့် စိတ်အာဟာရကို ဖြစ်စေပြီး အသက်ရှည်ရာကို အထောက်အပံ့ဖြစ်စေပါသည်။ သို့ပါ၍ ကျန်းမာရေးလက်ဖက်ရည် စကားဝိုင်းလေးသည် တက်ရောက်လာသူများအတွက် ကျန်းမာရေးဟင်းလေးအိုးကြီး ပမာသာဖြစ်၍နေပါသည်။ ဟင်းလေးအိုးဆိုသည်မှာ စားပြီးကျန်ဟင်းပေါင်းစုံကို မည်သည့်အရသာမှ မထည့်ဘဲ တစ်ဖန်ပြန်ချက်၍ရသော အစားအစာ (ဟင်း) တစ်မျိုးပင်ဖြစ်သည်။ ၄င်းဟင်းပေါင်းစုံ ချက်ရသည့်အိုးကို "ဟင်းပေါင်းအိုး"ဟုလည်း ခေါ်တွင်ကြသည်။ ထိုဟင်းပေါင်း (ဟင်းမျိုး) အရသာကား ထူးခြားလှပါသည်။

အာဟာရဓာတ်များစွာကို ပေးစွမ်းနိုင်သည်။ ဖွေရှာကြည့်မိသည့်အခါ ထိုဟင်းပေါင်းအရသာမျိုး ဘယ်မိသားစုဝင်၏အိမ်တိုင်းမှာမှ မရနိုင်ပါ။ ချို၊ ချဉ်၊ ဖန်၊ စိမ့်၊ ငန်၊ စပ်၊ ခါး ဟူသည့် အရသာစုံဟင်းမျိုးစုံ ပေါင်းစပ်ထားခြင်းကို ဟင်းပေါင်း ဟုလည်း ခေါ်တွင်ကြသည်။ ထိုထူးကဲသည့်အရသာကို မြန်မာဘုန်းကြီးကျောင်းလို နေရာမျိုးမှသာ ခံစားရနိုင်ပါသည်။ ထို့ကြောင့် တစ်လတစ်ကြိမ် ကျန်းမာရေးဗဟုသုတပေးနိုင်သည့် ဟင်းလေးအိုးနှင့်တူသော စကားဝိုင်းလေးက အဖိုးမဖြတ်နိုင်ပါ။ တစ်နည်းဆိုသော် (ဟင်းပေါင်းအိုး)က ကျန်းမာရေးစကားဝိုင်းဖြစ်ပြီး အကြံပြုဆွေးနွေးသည့်နေရာကလည်း ဘုန်းကြီးကျောင်းနှင့်တူသည့် ယူနီစံ လက်ဖက်ရည်ဆိုင်လေးသာဖြစ်၍နေပါသည်ဟု တင်စားပါရစေ။



ထိုဟင်းပေါင်းကို တစ်ခါတလေ ဘုန်းကြီးကျောင်းရောက်သော်လည်း ကြုံမှစားရပြီး လျှာအရင်းကို ထိစေသဖြင့် ယင်းအရသာကို စွဲမက်စေပါသည်။ အချို့က ဝမ်းအပြင် အိတ်အဖြစ် အိမ်အထိ သယ်ကြသည်။ ထို့ကြောင့် လူတို့သည် လျှာကို အရင်းပြုပြီး နည်းမျိုးစုံဖြင့် ရှာဖွေကာစားသောက်ကြသည်။ (ဥပမာ)မစားရတာကြာပြီဖြစ်တဲ့ အလှူငါးခြောက်ချက်အချို့လည်း ထူးဆန်းသောအရသာကို လိုင်းပေါ်ကတွေ့ပြီး Deliver ကို မေးပြီး မှာစားကြသည်။အချို့ကလည်း ကိုယ်တိုင်ဖန်တီး အတုယူ ချက်စားကြသည်။ ယနေ့ခေတ်၊ ရှမ်း၊ တရုတ်နှင့် နိုင်ငံခြားအစားအစာများကလည်း လိုက်မမီဖြစ်ကြရသည်။ ဆိုင်အလိုက် ဒေသအစာ၊ ရာသီစာနှင့် ရိုးရာအစားအစာများက သူ့အကြိုက်၊ ကိုယ့်အကြိုက် မတူဖြစ်ကြရသည်။ အထူးသဖြင့် လူ့ခန္ဓာအတွက် ရာသီစာစားပေးခြင်းက အပူ၊ အအေးနှင့် စွမ်းအားကို အားပေးရာ ဖြစ်စေပါသည်။ လူတိုင်းအတွက် ခန္ဓာကိုယ်၏ သက်စောင့်ဓာတ်က အရေးကြီးသလို အင်အားကိုဖြစ်စေသော အစားအစာ၊ ခန္ဓာကိုယ်ကို ကြီးထွားစေသော အစားအစာ၊ ရောဂါကို ကာကွယ်စေသော အစားအစာတို့ကို နေ့စဉ်မျှတစွာ စားပေးကကောင်းမွန်ပါသည်။ ကျန်းမာဝဖြိုးပြီး သန်စွမ်းစေရန် အစာအုပ်စု သုံးမျိုးမျှတရုံဖြင့် မပြီးပါ။ စိတ်အာဟာရကလည်း လူကိုအားအင်ဖြစ်စေပါသည်။ စိတ်ထောင်းတော့ ကိုယ်ကြေမှန်သော်လည်း စိတ်ကို လူက လွှမ်းမိုးအုပ်ချုပ်၍မရပါ။ စိတ်ကို စိတ်ဖြင့်သာ ကုစားကြရသဖြင့် ပျော်ရွှင်စွာ နေထိုင်တတ်ဖို့ အရေးကြီးပါသည်။ လူတိုင်းကျန်းမာသည်ဆိုရာဝယ် ကိုယ်စိတ်နှစ်ပါးပြည့်စုံမှသာ ပျော်ရွှင်မှုအပြည့် ခံစားနိုင်မည် ဖြစ်သည်။ သို့မှသာ လူဘဝသက်တမ်းစေ့ ရှင်သန်နိုင်မည်ဖြစ်သည်။ လူ့သက်တမ်းကိုလည်း မျိုးရိုးဗီဇက ၂၅ ရာခိုင်နှုန်းနှင့် ပတ်ဝန်းကျင်အခြေအနေ၊ အာဟာရ၊ ဘဝနေထိုင်မှုပုံစံ၊ ကျန်းမာရေးစောင့်ရှောက်မှုတို့က ၇၅ ရာခိုင်နှုန်း လွှမ်းမိုးလျက်ရှိ၏။ သို့ဖြစ်ရာ အသက်ရှည်ရာ အနာမဲ့ကြောင်း နည်းလမ်းကောင်းများဖြင့် ကျန်းမာနုပျိုစွာ အသက်ရှည်အောင် အမိကစွမ်းဆောင်ကြရပါမည်။

လက်ရှိဘဝတွင် ရွှင်လန်းချမ်းမြေ့စွာနေထိုင်ခြင်း၊ ဇရာကို ရဲဝံ့စွာရင်ဆိုင်ခြင်းနှင့် မိမိကိုယ်ကို မိမိအသက်ရှည်စွာနေနိုင်ရမည်ဟု ယုံကြည်စိတ်ထားခြင်းတို့သည်လည်း ကျန်းမာရေးအတွက် အဓိကသော့ချက်များပင် ဖြစ်ပါသည်။ ယခုလအတွက် ကျန်းမာရေးအထောက်အကူပြု လက်ဖက်ရည်ဝိုင်းလေးသည် ဒေါက်တာမိတ် ဦးဆောင်သည့် အဖွဲ့ဝင် ဆရာ ဦးသန်းလွင် တိုင်းဦးစီးဌာနမှူး (ငြိမ်း)က "ကျန်းမာသက်ရှည်ဖို့ အစားအစာရွေးချယ်စားသုံးစို့"ခေါင်းစဉ်ဖြင့် အချက်ကိုးချက်ကို ဆွေးနွေး၍ ဝိုင်းဝန်း အကြံပြုကြပါသည်။ ဆရာက ၄င်း"နဝင်းအစာ အင်္ဂါ"ကို သင့်ရာသန့်ကြေ အာဟာရ (ဝေ၍) "မှည့်ဆိပ်ပိုးကင်း အစာသွင်းနဝင်းအစာအင်္ဂါ"ဟု အတိုကောက်မှတ်စေပြီး တစ်ခုချင်းစီ ရှင်းပြပေးပါသည်။ **သင်** က မိမိစားသောက်မည့် အစားအစာက သင့်လျော်သော အစားအစာဖြစ် ရပါမည်။ (ဥပမာ) သွေးတိုးရောဂါရှိလျှင် ဆား၊ အချိုမှုန့်၊ ဆော်ဒါ၊ အငန်များသော အစားအစာကိုရှောင်ကြဉ်ခြင်း၊ ဆီးချိုရောဂါရှိက အချိုလွန် အစားအစာ ရှောင်ကြဉ်ခြင်း၊ **ရာ** က ရာသီဥတုအလိုက် သီးနှံနှင့် အရွက်တို့ စားခြင်းကို ပြုရပါမည်။ **သန့်** က သန့်ရှင်းလတ်ဆတ်သော အစားအစာဖြစ်ရမည်။ မသန့်သော အစားအစာရှောင်ကြဉ်ရမည်။ (ဥပမာ) ဝမ်းပျက်ရောဂါ၊ အသည်းရောဂါတစ်မျိုးမျိုး ဖြစ်လာနိုင်ပါသည်။ **သန့်** ဟုဆိုသည့်အတိုင်း အသီးအနှံ အရွက်တို့သည် ဆေးဖျန်းကြီးရသဖြင့် ရေကြာကြာစိမ် ဆားရည်ဖြင့်ဆေးပြီးမှ ချက်ပြုတ်စားသုံးသင့်ပါသည်။

**ကြေ** က ကြေညက်လွယ် အစားအစာကို ရွေးချယ်ပြီး ညဉ့်နက်မှ အစား စားတာကို ရှောင်ကြဉ်ရပါမည်။ အရွယ်ရအသက်ကြီးသူဖြစ်က ညပိုင်းဆန်ပြုတ်သောက်က အဆင်ပြေပါသည်။ **အာဟာရ** က အာဟာရဓာတ်ပြည့်ဝသော အစားအစာ ဖြစ်ရပါမည်။ အထူးသဖြင့် သက်ကြီးသူများသည် အာဟာရပြည့်စေဖို့ ဖြည့်စွက်စာ ဗီတာမင်ပါဆေးနှင့် အာဟာရမှုန့်တို့ကို မှီဝဲကြရပါမည်။ ဆရာဝန် အချို့ကလည်း အရွယ်လိုက်ဗီတာမင်ဖြစ်စေမည့် အစားအစာ(ဆေး)အပြင် သွေးအားကောင်းစေဖို့ အမဲသားနှင့် အမဲအသည်းရှောင်သူဖြစ်က ဆေးအဖြစ်လမ်းညွှန်မှု ပြုတတ်ကြပါသည်။ **မှည့်** က မှည့်လွန်းစိမ်းလွန်းသော အသီးအနှံမဖြစ်စေရပါ။ **ဆိပ်** က အဆိပ်အတောက်ကင်းသည့် အစားအစာ ဖြစ်ရမည်။ မိမိနှင့်မတည့်သည့် အစားအစာကိုရှောင်ပြီး မတည့်သောအစားအစာကို တွဲ၍မစားသင့်ပါ။ အစာအဆိပ်ဖြစ်က အော့အန်မူးဝေပြီး၊ သွေးယားတဲ့လက္ခဏာမျိုး ပြတတ်ပါသည်။ အမှုမဲ့ဖြစ်က အသက်ပါ ဆုံးရှုံးရတတ်ပါသည်။ ပိုးကင်းဆိုသည်က ရောဂါပိုးမပါသည့် အစားအစာကို ရှောင်ကြဉ်ရန် ဖြစ်ပါသည်။ ဆရာက ၄င်း "နဝင်းကိုးမျိုး" ရှောင်ရန်ကိစ္စ အသေးစိတ်ရှင်းပြခဲ့သော်လည်း အကျဉ်းမျှသာ ဖော်ပြပေးနိုင်ပါသည်။ သို့ပါ၍ ယခုလအတွက် ဆွေးနွေးအကြံပြုသူအား ဒေါက်တာမိတ်က အဖွဲ့ကိုယ်စား ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။ ၄င်းနောက် ဆရာဦးမြင့်လွင်က ဖြည့်စွက်ပြီး နဝင်းကိုးမျိုးအပြင် (၁၀)ခုမြောက်အဖြစ် "အာရုံအရာအစားစာ"ဟု ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။ အကြောင်းက တစ်ခါတစ်ရံတွင် လူနာအချို့ တောင်းတမှုအချို့ ရှိတတ်သော်လည်း တစ်ခါတစ်ရံ လူနာအတွက် နောက်ကျနေခဲ့ပြီးလည်း ဖြစ်တတ်ပါသည်။ ထိုနေ့စကားဝိုင်းတွင် အားလုံးအားလုံးသော ပုဂ္ဂိုလ်တို့၏ ဖြည့်စွက်ဆွေးနွေးပွဲ အပြီးတစ်လတာအတွက် ခဏတာရပ်နားခဲ့ကြရပြန်ပါသည်။

နိဂုံးအနေဖြင့် ကျွန်တော်တို့အားလုံး လှုပ်ရှားရုန်းကန်နေသည့်အချိန်လေးသည်။ သံပတ်ပေးထားသည့် သာမန်ကော်ပတ်အရုပ်ကလေး တစ်ခုမျှသာ ဖြစ်ပါသည်။ ပေးသည့်သံပတ်မကုန်မချင်း တစ်နည်းအားဖြင့် ဓာတ်ခဲလေးတစ်လုံးလို အားမကုန်မချင်း လင်းနေခဲ့တာမျိုးသာ ဖြစ်ပါသည်။ အားကုန်၊ သံပတ်ကုန်က ရှိသည့်နေရာမှာတင် တုန့်ခနဲရပ်သွားမည် ဖြစ်သည်။ လှုပ်ရမ်းနေချိန်ဘဝ ရှင်သန်ရေးအတွက် နည်းလမ်းမျိုးစုံလော့ခပ်ရင်း စိတ်အလိုကိုလိုက်၊ စားမိ ပြုမိတာတွေ၊ ဘဝနှင့်ဆန့်ကျင်တဲ့ ခံစားမှုအမျိုးမျိုးကို တဏှာဘက်စွဲငြိပြီး မိုက်မိတာတွေလည်း ရှိကောင်းရှိနေပါမည်။ သိတဲ့အချိန် သတိရှိနေစေရန် နောက်မကျသေးပါဘူး၊ အမှားမကင်းတဲ့ လောကကြီးမှာ ကျန်တဲ့အချိန် ပျော်ပျော်စံနေနိုင်စေဖို့ ပြုလိုရသမျှပြင်ရမှာက လူသာပဓာန ဖြစ်ပါသည်။ စာရေးသူကတော့ ဗုဒ္ဓ၏တရားတော် နေတ္တိပါဠိတော်အရ "သက္ကတေ ဇရာယ ပါဋိကမ္မိကတုံ၊ နသက္ကုံတေ မရဏ သာပန ပဋိကမ္မိကတုံ"ဟူသော အဓိပ္ပာယ်အား ဖွင့်ဆိုပြရသော် (ဇရာယ- အိုခြင်းအမှု၏၊ ပဋိကမ္မံ - မအိုရအောင် ကြံဆောင်ကုစားခြင်းအမှုကို၊ ကတုံ-ပြုခြင်းငှာ၊ သက္ကုံတေ-တတ်ကောင်းသည်သာလျှင်တည်း၊ မရဏသာပန- သေခြင်း၏ကား၊ ပဋိကမ္မံ- မသေရအောင်ကြံဆောင်ကုစားမှုကို၊ ကတုံပြုခြင်းငှာ၊ နသက္ကုံတေ- မတတ်ကောင်းမှု၍ ဖြစ်ပါသည်။) အကြောင်းက သေခြင်းတရားကို ရှောင်လွှဲ၍မရသော်လည်း ဇရာကိုတတ်နိုင်သမျှ ကြိုတင်ကာကွယ်ဟန့်တားနိုင်ပါသည်ဟု ဆိုလိုခြင်းသာဖြစ်ကြောင်း နိဂုံးအဆုံးသတ် ရေးသားလိုက်ရပါသည်။

**အားလုံးကျန်းမာပျော်ရွှင်နိုင်ကြပါစေ ...**

**အိုးဝေ(မြေနီကျင်း)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မတ္တိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံးအသိပညာ၊အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ လူငယ်များအနေဖြင့် ဘဝတွင် အောင်မြင်တိုးတက်ရန်အတွက် စည်းကမ်းရှိရန်၊ ဥပဒေများကို လေးစားလိုက်နာတတ်ရန်လည်းလို...

❖ နိုင်ငံတော်ကချမှတ်ထားသည့် စည်းကမ်းများ၊ ဥပဒေများကို လေးစားလိုက်နာမှသာ အပြစ်အနာအဆာကင်းပြီး တန်ဖိုးရှိသည့် နိုင်ငံသားကောင်းများအဖြစ် နိုင်ငံကို အကျိုးပြုနိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသော အွန်လိုင်းအသုံးပြုလိမ်လည်မှုနှင့် လောင်းကစားမှုများ တားဆီးနှိမ်နင်းရေးဆိုင်ရာအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၇**

နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသော အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် လောင်းကစားမှု (Online Gambling)များအား တားဆီးနှိမ်နင်းရေးဆိုင်ရာ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မြန်မာနိုင်ငံအတွင်း တရားမဝင်ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှု ကြီးကြပ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဗဟိုကော်မတီ အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲအရာရှိကြီးများ၊ ကရင်ပြည်နယ်ရဲတပ်ဖွဲ့နှင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့တို့မှ ရဲတပ်ဖွဲ့မှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက Online Scams လုပ်ငန်းများသည် ငွေကြေးလိမ်လည်မှုအပြင် လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ မူးယစ်ဆေးဝါးမှု၊ အဓမ္မလုပ်အားခိုင်းစေမှု၊ ငွေကြေးခဝါချမှုတို့နှင့် ဆက်စပ် လုပ်ဆောင်လာမှု၊ အခက်အခဲများ ကြုံတွေ့နေရသော နိုင်ငံခြားသားများကို ကူညီရှာဖွေကယ်တင်၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင့်လွှဲပြောင်းပေးနေမှု၊ အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်းပြီး နယ်စပ်ဒေသမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားသားများ ဝင်ရောက်လာမှု၊ နိုင်ငံခြားသားများသည် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသူများဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် လူသားချင်းစာနာထောက်ထားမှု၊ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့အပေါ် အခြေခံ၍ အရေးယူဆောင်ရွက်ခြင်းမပြုမှု၊ မြန်မာ-တရုတ် နှစ်နိုင်ငံ ပူးပေါင်းပြီး Online Scams နှင့် Online Gambling တိုက်ဖျက်ရေး ဆောင်ရွက်နေမှု၊ မူရင်းနိုင်ငံ၊ ဖြတ်သန်းနိုင်ငံ၊ ဆိုက်ရောက်နိုင်ငံတို့အကြား Shared responsibility ဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်မှု၊ လိမ်လည်မှုလုပ်ငန်းလုပ်ကိုင်နေသူများ အနေဖြင့် အဓိက အခြေခံအဆောက်အအုံ၊ လျှပ်စစ်ဓာတ်အား၊ အခြေခံစားသုံးကုန်များနှင့် အင်တာနက်ဆက်သွယ်မှုတို့ကို အိမ်နီးချင်းနိုင်ငံမှတစ်ဆင့် ရယူသုံးစွဲနေမှု၊ အခြေခံ အဆောက်အအုံနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပြည်ပနိုင်ငံသားများက လုပ်ဆောင်နေမှု၊ မြန်မာ - တရုတ် နှစ်နိုင်ငံရဲတပ်ဖွဲ့အကြား ပူးပေါင်းဆောင်ရွက်ရေးဗဟိုဌာန (Police Cooperation Center) ထူထောင်၍ ပူးပေါင်းဆောင်ရွက်နေမှု၊ မြန်မာ - တရုတ်- ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင်ပူးပေါင်း ဆောင်ရွက်မှုပုံစံ (Trilateral Cooperation) ဖြင့် ဆောင်ရွက်ရန်လိုအပ်မှု၊ အဆိုပါနိုင်ငံများအကြား Task Force တစ်ရပ်ဖွဲ့စည်း၍ Action Plan ရေးဆွဲပြီး ပူးပေါင်းဆောင်ရွက်ရန် စီစဉ် ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်မှုနှင့် ပြည်နှင်လွှဲပြောင်းမှု၊ ဗဟိုကော်မတီအတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးက အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scams)နှင့် လောင်းကစားမှု (Online Gambling)များကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နေမှု၊ အဆိုပါ မှုခင်းဖြစ်စဉ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ရဲဆက်သွယ်ရေး လမ်းကြောင်းအသီးသီးမှတစ်ဆင့် နိုင်ငံတကာ ရဲတပ်ဖွဲ့များသို့ သတင်းဖလှယ်ဆောင်ရွက်နေမှု၊ အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scams) တိုက်ဖျက်ရေးအတွက် နိုင်ငံတကာ တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ မြန်မာနိုင်ငံအတွင်း အခက်အခဲများကြုံတွေ့နေသော နိုင်ငံခြားသားများအား ရှာဖွေကူညီ ကယ်တင်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်သူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နိုင်ငံတကာနှင့် ပူးပေါင်း ဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြပြီး ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဒုတိယပိုင်း ဂိုးများဖြင့် သစ္စာအားမာန်ကို အနိုင်ရခဲ့သည့် ဒဂုံစတားယူနိုက်တက်

**ရန်ကုန် ဇန်နဝါရီ ၂၇**

ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကစားခဲ့သည့် သစ္စာအားမာန်အသင်းနှင့် ဒဂုံစတားယူနိုက်တက်တို့ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ယနေ့ပွဲစဉ် ပထမပိုင်းတွင် နှစ်သင်းစလုံးသည် ဂိုးရနိုင်မည့် အခွင့်အရေး ကိုယ်စီရခဲ့သော်လည်း အဆုံးသတ် မသေချာမှုများကြောင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိ သရေကျခဲ့သည်။

ဒုတိယပိုင်း ပွဲချိန် ၅၅ မိနစ်တွင် ဒဂုံစတားယူနိုက်တက်မှ ဦးဆောင်ဂိုးရရှိခဲ့ပြီး တိုက်စစ်မှူး စွမ်းထက်က သွင်းယူပေးခဲ့သည်။ မိနစ် ၈၀ တွင် သစ္စာအားမာန်အသင်းမှ ချေပဂိုး ပြန်လည်ရခဲ့ပြီး စောမျိုးဇော်က သွင်းပေးခဲ့သည်။ နှစ်မိနစ်အကြာတွင် ဒဂုံစတားယူနိုက်တက်မှ ဦးဆောင်ဂိုး ထပ်မံရခဲ့ပြီး အသင်းခေါင်းဆောင် ဆောင်လမန်က သွင်းပေးခဲ့သည်။ ပွဲအပြီးတွင် ဒဂုံစတားယူနိုက်တက်က နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်

စာမျက်နှာ ၅ သို့ ❖

